မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Doan Xuan Hung နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Nguyen Chi Vinh တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Doan Xuan Hung နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Nguyen Chi Vinh တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Chong Phung လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေသည့် မကွေးတိုင်း ကံမမြို့နယ်ရှိ မင်းတုန်းချောင်းတံတား (ရေနံသာ)

နေပြည်တော် ဇန်နဝါရီ ၁၅

ကျေးလက်ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် သွားလာနေရသဖြင့် ခရီးကြန့်ကြာမှုများ၊ ကုန်စည်များ အချိန်မီသယ်ယူပို့ဆောင်မှု မပြုလုပ်နိုင်သည့် ဒုက္ခများမှ ကင်းဝေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက တံတားကြီးငယ် အသွယ်သွယ်ကို တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၂ ကော်လံ ၃ ●

သတင်းမှတ်စု-တင်မာဝင်းနှင့် အေးသန္တာသိန်း ✧ ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၆ရက်)

ပြည်ထောင်စုတစ်ဝန်း နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားဘဝမြင့်မားရေးအတွက် ၁၉၈၈ ခုနှစ် နောက်ပိုင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများတွင် ကျပ်သန်းပေါင်းများစွာသုံးစွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်မြင့်တင်ရေးအတွက် အခြေခံကျောင်းများ တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးခြားအစီအမံများ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ပေရာ လမ်းတံတားများကို ဦးစားပေးဖောက်လုပ် တည်ဆောက်ပေးခဲ့သည်။ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်းများ တိုးချဲ့ပြုပြင် ဖောက်လုပ်ပေးခဲ့သည်။

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ လဟယ်-နန်းယွန်းမော်တော်ကားလမ်း(၉၈/၁) မိုင် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၉ရက်နေ့က လဟယ်မြို့၌ ကျင်းပခဲ့ရာ စန်တုံကျေးရွာ၊ ရန်စီကျေးရွာနှင့် လဟယ်-နန်းယွန်းလမ်းပိုင်းရှိ နာဂတိုင်းရင်းသားကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူတို့အဖို့ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့လာစေမည် ဖြစ်သည်။

ခန္တီးမြို့နယ် ဆင်သေ-လဟယ် ကားလမ်းရှိ နမ့်စလိန်ကြိုးတံတားသည် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၌ များစွာအထောက်အကူဖြစ်ခဲ့သည်။ ဒေသခံတို့အတွက် လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေပြီး တိုင်းရင်းသားများအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲစေသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်၏စေတနာကို သိမြင်သဘောပေါက်ပြီး လက်တွဲပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းမြို့ ကမ်းနားလမ်း ကတ္တရာကွန်ကရစ် လမ်းသစ်ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်ဖွင့်လှစ်ပေး

မုံရွာ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၃ရက်က (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့ ဧရာဝတီတံတား (ရတနာပုံ)၌ ကျင်းပသည့် ''ဧယျာရွှေမြေစစ်ကိုင်းတိုင်းမှ ကြိုဆိုပါ၏'' မုခ်ဦးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မုခ်ဦးအား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်၊ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်ပြီး တိုင်းမှူးက ဧယျာရွှေမြေ စစ်ကိုင်းတိုင်းမှကြိုဆိုပါ၏ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ မုခ်ဦးအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ဧရာဝတီတံတား (ရတနာပုံ) ရှိ ''ဧယျာရွှေမြေ စစ်ကိုင်းတိုင်းမှ ကြိုဆိုပါ၏'' မြို့အဝင်မုခ်ဦးမှာ အရှည် ၆၈ပေ၊ ကင်းလွတ်အမြင့် ပေ ၂၀ရှိကြောင်း သိရသည်။

ဆက်လက်ပြီး တိုင်းမှူးသည် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့ ကမ်းနားလမ်း ကတ္တရာ ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကမ်းနားလမ်း ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ခရိုင်ပြည်သူ့ဆောက်လုပ်ရေး အင်ဂျင်နီယာမှူး ဦးဗိုလ်စိန်က ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်ပြီး ကွန်ကရစ်လမ်းသစ်အား စစ်ကိုင်းတိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းနိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းနှင့် လမ်းအထူးအဖွဲ့ (၁၅)မှ အင်ဂျင်နီယာမှူး ဦးကြည်သွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး **(အပေါ်ပုံ)**က ကမ်းနားလမ်း ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ ၄င်းကမ်းနားလမ်း ကတ္တရာကွန်ကရစ်လမ်းသည် လမ်းအရှည် ကိုးဖာလုံ၊ အကျယ် ၁၈ပေရှိကာ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၃၇သိန်း ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေသွယ်လိုင်း တူးဖော်မှု ကြည့်ရှုစစ်ဆေး

ဟားခါး ဇန်နဝါရီ ၁၅

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ အဖွဲ့ဝင်(၁) ပြည်နယ်ရဲမှူးကြီး မြင့်တိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖလမ်းခရိုင် ဖလမ်းမြို့နယ်ရှိ လိုင်ဗားဆည် ရေအားလျှပ်စစ် ပြုပြင်ထိန်းသိမ်း ခိုင်ခံ့မှုကို ဇန်နဝါရီ ၅ရက် နံနက် ၁၀နာရီခွဲက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရေထွက်ချောင်းငယ်မှ လိုင်ဗားဆည်ထဲသို့ သွယ်ယူရန် ရေသွယ်လိုင်းတူးဖော်မှုများနှင့် ချောင်းငယ်ရေသွယ်မှုအပေါ် သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

C#. Net, VB.Net, VB သင်တန်းများ Winner Computer Group က သင်ကြားပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်တွင်း၊ ပြည်ပ Software Industry များတွင် Programmer အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ Window Application Project များကို ကိုယ်တိုင် စနစ်တကျ ရေးသားချင်သူများအတွက် ရည်ရွယ်၍ C#. Net, VB.Net, VB သင်တန်းများကို Software Industry တွင် အတွေ့အကြုံရှိသော Winner Computer Group မှ Senior Programmer များက ဦးစီးသင်ကြားမည် ဖြစ်သည်။

သင်ကြားပေး

နိုင်ငံတကာတွင် .Net Application Programmer အဖြစ် ရပ်တည်နိုင်ရန်အတွက် စာတွေ့၊လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။ C#. Net, VB.Net Application နှင့်တွဲဖက်၍ SQL Server 2000, 2005,2008 တို့ကို အသေးစိတ် စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။ သင်တန်းကာလအတွင်း Project တစ်ခုကို လက်တွေ့ပြုလုပ်ရမည်ဖြစ်ပြီး ယင်း Project ပြီးဆုံးမှသာလျှင် သင်တန်းဆင်းအောင်လက်မှတ်ကို ထုတ်ပေးမည်ဖြစ်သည်။

အခွင့်အလမ်းများ

သင်တန်းကာလ ပြီးဆုံးပါက On Job Training (OJT) ဆက်လက် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂၃ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလ မှာ ရက်သတ္တ ၁၀ပတ် ကြာမြင့်မည် ဖြစ်သည်။ သင်တန်းတည်နေရာမှာ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင်(၁) အခန်း (၈)တွင် ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် Winner Computer Group ဖုန်း-၇၀၃၂၃၀၊ ၇၀၃၂၃၂နှင့် ၅၀၃၅၉၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၁၅)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **မင်္ဂလာပါ ဆရာမ** မြင့်မြတ်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-နေပိုင်)
- ၁၃:၂၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (ဇာတ်သိမ်းပိုင်း)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄:၂၀ ၄။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ **စားဖို့ဆောင်ချစ်သူ**
- ၆:၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၀)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရှေ့ဦးအချစ်** (အပိုင်း-၂၀)

အမှတ် ၂/၄ စည်ပင်သာယာလမ်း ပါရမီ မရမ်းကုန်းမြို့နယ်နေ မိခင် ဒေါ်ခင်မျိုးဝင်းက သမီး ဒေါက်တာသန္တာမျိုးဝင်း (ဆေးရုံအုပ်) မြိတ်ပြည်သူ့ဆေးရုံကြီး၏ မွေးနေ့အထိမ်းအမှတ် အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးညွန့် လက်ခံယူစဉ်။ (သတင်းစဉ်)

ပန်ဆောင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ပန်ဆောင်မြို့နယ် နမ္မလစ်ကျေးရွာ၌ ဒေသခံတိုင်းရင်းသားများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ လောက်လိုင်ကျေးရွာ၌ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် ပန်ဆောင်မြို့ View Pointမှ မြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ပန်ဆောင်မြို့ အထက်ရပ်ကွက်၌ ကျင်းပသည့် ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြရာ တာဝန်ရှိသူတစ်ဦးက လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပန်ဆောင်မြို့ မြို့မဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုများကို ကြည့်ရှု၍ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပန်ဆောင်မြို့ အလယ်ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ စာအုပ်စာစောင်များ စုဆောင်းထားရှိမှုနှင့် ရုပ်သံပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပန်ဆောင်မြို့ နောင်ယန်းခန်းမ၌ မြို့နယ်မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်မှတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် တိုင်းမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ ကွန်ပျူတာ၊ ရေဒီယို၊ ကက်ဆက်၊ အဝတ်အထည်၊ ဆေးဝါးနှင့် အားကစား ပစ္စည်းများကို ပေးအပ်သည်။

အလှူငွေပေးအပ်

ဆက်လက်၍ ပန်ဆောင်မြို့ (၁၆) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေကြသည့် ဒေသခံတိုင်းရင်းသားများအား ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပန်ဆောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေး၍ Computer Room အတွင်း လေ့ကျင့်သင်ယူနေမှုနှင့် Language Lab အတွင်း ဘာသာရပ်ဆိုင်ရာ သင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပန်ဆောင်မြို့နယ်ရှိ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် (၅)မိုင်တံတားကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ဆောင်ပစ္စည်း ပေးအပ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေး လောက်လိုင် ကျေးရွာ၌ ဒေသခံတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဆင်္ဂအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး

ဆင္ဂအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၅

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို (၁၃၇၁ခုနှစ်၊ တပေါင်းလဆန်း ၃၊ ၄ရက်) ဖေဖော်ဝါရီ ၁၅၊ ၁၆ရက် (တနင်္လာ၊ အင်္ဂါ)နေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် (၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်) ဖေဖော်ဝါရီ ၁၁ရက် (ကြာသပတေးနေ့)တွင်လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို (၁၃၇၁ခုနှစ်၊ တပေါင်းလဆန်း ၆၊ ၇၊ ၈ရက်) ဖေဖော်ဝါရီ ၁၈၊ ၁၉၊ ၂၀ရက် (ကြာသပတေး၊ သောကြာ၊ စနေနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် (၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) ဖေဖော်ဝါရီ ၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ **(သတင်းစဉ်)**

Myanmar Distribution Group အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

Myanmar Distribution Group Co., Ltd. ၏ အောက်မြန်မာပြည် အရောင်းကိုယ်စားလှယ်ကြီးများအား ကျေးဇူးတုံ့ပြန်သည့် ကျေးဇူးတင် ဂုဏ်ပြုညစာစားပွဲနှင့် ၂၀၀၉ ခုနှစ် နှုတ်ဆက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် ည ၇နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ Myanmar Distribution Group Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မော်သိန်းက နှုတ်ခွန်းဆက် ကျေးဇူးတင်စကားပြောကြားပြီး မကြာမီ ဈေးကွက်အတွင်းသို့ ဖြန့်ချိမည့် Gold Roast Coffeemix ၏ ထုပ်ပိုးမှု အိတ်ခွံဒီဇိုင်းပုံစံအသစ်ကို မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ရွေးချယ်ပေး

ထို့နောက် The Trees တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ချစ်ကောင်း၊ သျှီ၊ ချစ်သုဝေ၊ Jenny၊ အိမ့်ချစ်နှင့် ကောင်းဆက်တို့၏ တေးသံသာများ၊ ခေမီကိုအကအဖွဲ့၏ အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အရောင်းကိုယ်စားလှယ်ကြီးများအား ငွေသားကံစမ်းဆုမဲများကို ဖွင့်လှစ်ပေးသည်။ ငွေသားကံစမ်းမဲ ပထမဆု ငွေကျပ် ၁၀သိန်း တစ်ဆုနှင့် ဒုတိယဆု ငွေကျပ် ငါးသိန်းသုံးဆုတို့ကို အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မော်သိန်း**(အောက်ပုံ)**နှင့်ဇနီး ဒေါက်တာမိုးမြတ်ဝင်းတို့ကလည်းကောင်း၊ တတိယဆု ငွေကျပ်နှစ်သိန်း ခြောက်ဆုနှင့် စတုတ္ထဆု ငွေကျပ်ငါးသောင်းဆု ၄၀တို့ကို Sales & Marketing Consultant ဦးမင်းတလညာဏ်၊ National Sales Manager ဦးမျိုးထက်၊ သရုပ်ဆောင် ရဲတိုက်၊ သရုပ်ဆောင် ဝတ်မှုန်ရွှေရည်နှင့် ဧည့်သည်များကလည်းကောင်း ရွေးချယ်ပေးကြသည်။

နှစ်သက်စွာအားပေး

မြန်မာအမျိုးသားပိုင် Myanmar Distribution Group Co., Ltd. သည် ဈေးကွက်အတွင်း လူကြိုက်များ ထင်ရှားလျက်ရှိသော Gold Roast ကော်ဖီမစ်၊ Gold Roast Gold ကော်ဖီမစ်၊ Ben Cafe ကော်ဖီမစ်၊ Cafe 21 ကော်ဖီမစ်၊ Calsome ကြွေကာ၊ Royal Myanmar တီးမစ်၊ Fresh Up လီမွန်တီးအစရှိသည့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများကို ၁၉၉၇ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတစ်ဝန်းသို့ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိရာ မြန်မာပြည်တွင်းရှိ စားသုံးသူများသာမက ပြည်ပမှ စားသုံးသူများကပါ တစ်ခဲနက် နှစ်သက်စွာ အားပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

HORIZON OPEN 2010 TABLE-TENNIS CHAMPIONSHIP ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် HORIZON SPORTS ACADEMY တို့ ပူးပေါင်းကျင်းပမည့် HORIZON OPEN 2010 TABLE-TENNIS CHAMPIONSHIP ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ရက်နှင့် ၇ရက်တို့တွင် Horizon International Education Center အမှတ်(၂၅) ဖိုးစိန်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

ထိုက်တန်စွာ

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား အသက် ၁၂နှစ်အောက်၊ အသက် ၁၅နှစ်အောက်၊ အသက် ၁၈နှစ်အောက် ဒုတိယတန်း-အလွတ်တန်း(တိုင်း၊ ပြည်နယ်၊ ဝန်ကြီးဌာနအဆင့် အပျော်တမ်းကစားသမားများ)၊ ပထမတန်း-အလွတ်တန်း (၁၉၉၀ ခုနှစ်နောက်ပိုင်း လက်ရွေးစင် ကစားသမားများ၊ ပဏာမလက်ရွေးစင် ကစားသမားများ) အသက် ၄၅နှစ်အထက် ပြိုင်ပွဲများ၊ အမျိုးသမီး အသက် ၁၂နှစ်အောက်၊ အသက် ၁၅နှစ်အောက် အလွတ်တန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုဖလားနှင့်အတူ ဆုကြေးများကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံ

အသက်အပိုင်းအခြားဖြင့်ကစားသော ကစားသမားတိုင်းသည် မှတ်ပုံတင်မူရင်း သို့မဟုတ် မွေးစာရင်း သို့မဟုတ် ကျောင်းသားကတ်မူရင်း သို့မဟုတ် သက်ဆိုင်ရာကျောင်းအုပ် ဆရာ ဆရာမကြီးများ၏ အသက်မှန်ကန်ကြောင်း ထောက်ခံချက် တင်ပြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံများကို မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon International Education Center နှင့် www. horizon.com.mm တို့တွင် ရယူနိုင်ပြီး ပြိုင်ပွဲဝင်ပုံစံအား လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ Horizon International Education Center အမှတ်(၂၅) ဖိုးစိန်လမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၃၉၂၆၊ ၅၄၁၀၈၅၊ ၅၅၁၇၉၆ တို့သို့ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂ရက်(အင်္ဂါနေ့) ညနေ ၃နာရီ နောက်ဆုံးထား၍ စာရင်းသွင်းရမည်ဖြစ်သည်။ **(သတင်းစဉ်)**

News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ(၅)၊ အမှတ် (၂၅)ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၅

မန္တလေး ရေတော်ဆရာတော် ဘန္ဒန္တပညာဝံသ၏ အန္တိမဈာပနပူဇော်ပွဲ၊ စာရေးဆရာ၊ သတင်းစာဆရာကြီးလူထုဦးလှ ရာပြည့်အထိမ်းအမှတ်ကျင်းပမည်၊ အမျိုးသားစာဆိုကြီး ဦးသော်ဇင် ရာပြည့်ပွဲကျင်းပမည်၊ ရောဝတီမြစ်ရေ နည်းပါးလာမှုကြောင့် ဆိပ်ကမ်းတစ်ခု ယာယီပြောင်း၊ ရေငန်ဒေသမှာ အငံစိတ်ကင်းရေ တူးဖော်ပုံ၊ အခြေခံစားကုန်တချို့ ဈေးနှုန်းမြင့်မားလာတာ ဘာကြောင့်လဲ၊ တရုတ်နိုင်ငံထုတ် ပါရမီတက္ကစီ အစီး ၁၀၀ပြေးဆွဲမည်၊ လက်ထဲငွေကိုင်ထားသူတွေ အိမ်ခြံမြေဘက် ဦးလှည့်လာ၊ အများသူငါ မသုံးစွဲသင့်သော ဆေးဝါးများ ထပ်မံနှိုးဆော်၊ နိုင်ငံတော်သီချင်း ရှင်းတမ်း၊ မြန်မာတီဗွီ ကျော်အောင်ညာတာလား၊ ကြော်ငြာလား၊ ပြည်သူတွေသိသင့်သည့် ကင်ဆာရောဂါအကြောင်း၊ ဂီတမူပိုင်ခွင့် နောက်ဆက်တွဲပြဿနာ၊ ပြည်ပတင်ပို့နိုင်သည့် သစ်တောစိုက်ခင်းများ ပုဂ္ဂလိကလက်ထဲလွှဲမည်၊ ဆိုမာလီဓားပြများလက်ထဲက လွတ်မြောက်လာသော မြန်မာသင်္ဘောအင်ဂျင်နီယာ ဦးလှချစ်နှင့် တွေ့ဆုံခြင်း၊ ရွှေပြည်သာ ကားလေးဂိတ်တွင် ဆေးခြောက်ဘလောက်တုံးများ ဖမ်းဆီးရမိ၊ မြန်မာနိုင်ငံ သတ္တုတူးဖော်ရေးနှင့် ကား၊ ဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ယူနန်ကုန်သည်များနှင့် ရင်းနှီးမြှုပ်နှံလို၊ သန်လျင်မြို့ ကျိုက်ခေါက်ဘုရားပွဲတော်တွင် ပွဲကြီးရှစ်ပွဲပါဝင် ပြသမည်၊ သီတဂူဗုဒ္ဓပဋ္ဌာယုဆေးရုံ စစ်ကိုင်းမြို့တွင် ဖွင့်လှစ်မည်၊ မျိုးဆက်ပြန့်ပွားရေးအတွက် သီးသန့်တယ်လီဖုန်းလိုင်း FM များမှ ထုတ်လွှင့်ပြီး e-mailနှင့်လည်း မေးမြန်းနိုင်၊ ကိုရီးယားနိုင်ငံလုပ် ပါရမီတက္ကစီ အစီး ၅၀ ပြန်လည်ရောင်းချ၊ အဆင့်မြင့် ရော်ဘာထုတ်လုပ်ရေး ဓာတ်ငွေ့သွင်းနည်းစနစ်ဖြင့် ဆောင်ရွက်၊ ကမ္ဘာ့အရပ်အရှည်ဆုံးနဲ့ အပုဆုံးလူသားနှစ်ဦး တွေ့ဆုံ၊ ဟောတီလျောင်နှင့် ဒုက္ခသည်များအကြောင်း၊ ကမ္ဘာ့အသက် အကြီးဆုံးခွေးကြီး ဆုံးရှာပြီ၊ နှစ်သစ်မှာ ဆက်လက်ဖွံ့ဖြိုးလာမယ့် တရုတ်စီးပွားရေး၊ သမ္မတဟောင်း ဘီလ်ကလင်တန်က အိုဘားမားကို ချီးနှိမ်ပြောကြားဆိုပဲ၊ မြောက်ကိုရီးယား နျူကလီးယားလက်နက်ကိစ္စ အမေရိကန်နှင့် ညှိနှိုင်းဖွယ်၊ ပြည်သူထောက်ခံပြီး သမိုင်းကြောင်းကောင်းတဲ့ ခေါင်းဆောင်ကောင်း၊ ယွန်းမီမီမောင်ရဲ့ ဖက်ရှင်၊ တွယ်တာလွန်းရဲ့ ဖက်ရှင်၊ ဘေယောင်ဂျွန်း၊ ယူဂျင်း၊ ဟန်ဟိုဂျိုး စသည့် ကိုရီးယားသရုပ်ဆောင်များရဲ့ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖော်ပြပါရှိသော အတွဲ (၅)၊ အမှတ် (၂၅) News Watch (စောင့်ကြည့်) သတင်းဂျာနယ်ကို ထုတ်ဝေဖြန့်ချိထားသည်။ ***(သတင်းစဉ်)***

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူ ကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အင်္ဂုဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆို-မျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	ကဗျာပန်းဥယျာဉ်
၈:၃၀	၈။	International News
၈:၃၅	၉။	Crossroads Cafe (Episode-24) All's Well that Ends Well
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၄၅	၅။	Yan Can Cook
၁၃:၀၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း- ၆၃)
၁၄:၀၀	၇။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄:၀၅	၈။	အတီးပြိုင်ပွဲ
၁၄:၂၅	၉။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၁၄:၄၀	၁၀။	International News
၁၄:၄၅	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။	Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မကွေးအသင်းနှင့် ကမ္ဘောဇအသင်း)
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၀	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	**အလှရှာမယ်လှကမ္ဘာဝယ်**
၆:၄၀	၆။	ယဉ်တစ်ကိုယ်မယ် **မလွှမ်းရဲတဲ့ပန်းတစ်ပွင့် (စနို)** (ဒါရိုက်တာ-ခေတ်ဘုန်းမို)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား**(အပိုင်း-၄)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၇၇)
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၂၉)
	၁၃။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၄။	အစီအစဉ်ပြီး၏။

တရားခံလွှဲပြောင်းပေးအပ်ရေး အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် ဆွေးနွေးရန်စီစဉ်

နယူးဒေလီ ဇန်နဝါရီ ၁၅

တောင်အာရှဒေသတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် တရားခံလွှဲပြောင်းပေးအပ်ရေး စာချုပ်ချုပ်ဆိုရန် ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယအစိုးရတို့က စီစဉ်လျက်ရှိသည်ဟု နယူးဒေလီသို့ အလည်အပတ်ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ဇန်နဝါရီ ၁၃ရက်၌ ပြောကြားသည်။ ၎င်းသည် နယူးဒေလီသို့အလည်အပတ် ရောက်ရှိနေစဉ်အတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး စာချုပ်သုံးခု အပါအဝင် နှစ်နိုင်ငံစာချုပ်ငါးခုကို လက်မှတ်ရေးထိုးသည်။

အကြမ်းဖက်တိုက်ခိုက်မှု အဆုံးသတ်ရေးအတွက် မိမိတို့ကအတိုင်းအတာတစ်ရပ်အထိ ပူးပေါင်းဆောင်ရွက်မည်ဟု ဟာဆီနာက သတင်းမီဒီယာသို့ ပြောကြားသည်။

ချမှတ်

ဘင်္ဂလားဒေ့ရှ်အနေဖြင့် မိမိနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ပုံစံအမျိုးမျိုးကို ဖယ်ရှားပစ်ရန် အခိုင်အမာချမှတ်ထားကြောင်း၊ အိမ်နီးချင်းနိုင်ငံများအား ဆန့်ကျင်တိုက်ခိုက်အကြမ်းဖက်ရန်အတွက် မိမိ၏နယ်မြေပိုင်နက်ကို အသုံးချရန် ခွင့်ပြုမည်မဟုတ်ကြောင်း ဟာဆီနာက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ယီမင်တိုက်လေယာဉ် အဒေင်ပင်လယ်ကွေ့၌ပျက်ကျ

ဆာနား ဇန်နဝါရီ ၁၅

ယီမင် တိုက်လေယာဉ်တစ်စင်း အဒေင်ပင်လယ်ကွေ့အတွင်းရှိ ဆိပ်ကမ်းမြို့တစ်မြို့၏တောင်ပိုင်း၌ ဇန်နဝါရီ ၁၃ရက်က ပျက်ကျခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ အဆိုပါ အယ်လ်-၃၉ တိုက်လေယာဉ်သည် အဒေင်ပင်လယ်ကွေ့ရှိ ဆာလာအယ်လ်ဒင်းခရိုင်၌ လေ့ကျင့်ပျံသန်းနေစဉ် စက်ချွတ်ယွင်း ပျက်ကျသွားခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တာတပ်စ်ရေတပ်စခန်း ရုရှားအဆင့်မြှင့်ပြုပြင်

မော်စကို ဇန်နဝါရီ ၁၅

ရုရှားအစိုးရသည် ဆီးရီးယားနိုင်ငံ တာတပ်စ်ဆိပ်ကမ်းမြို့ရှိ ၎င်း၏ရေတပ်ထောက်ပံ့ရေးစခန်းအသစ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၁ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးက ဇန်နဝါရီ ၁၃ရက်၌ ထုတ်ဖော်ပြောကြားသည်။

ရည်ရွယ်

အဆိုပါ တာတပ်စ်ဆိပ်ကမ်း ပြုပြင်တည်ဆောက်ခြင်းကို နှစ်အတော်ကြာကပင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းသည် ပင်လယ်ကမ်းခြေရှိ အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရန်နှင့် တာတပ်စ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော ရုရှားထောက်ပံ့ရေးသင်္ဘောများ အဆင်ပြေစွာ ဆိုက်ကပ်ရပ်နားထားနိုင်ရန် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျိုးမြို့၌ ဆောင်းရာသီပွဲတော်အတွင်း မီးအိမ်များဖြင့် သရုပ်ဖော်အလှဆင်ထားမှုကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ရုရှားအကူအညီဖြင့် တူရကီ၌ တည်ဆောက်မည်

မော်စကို ဇန်နဝါရီ ၁၅

ရုရှားနှင့်တူရကီတို့သည် တူရကီနိုင်ငံအတွင်း နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရေးနှင့် ပတ်သက်သည့် ပူးတွဲသဘောတူညီချက်တစ်ရပ်ကို မော်စကို၌ ဇန်နဝါရီ ၁၃ရက်က လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုး

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်နှင့် မော်စကိုသို့ အလည်အပတ်ရောက်ရှိနေသည့် တူရကီဝန်ကြီးချုပ် ရီဆက်အာဒိုဂန်တို့ ဆွေးနွေးအပြီး ရုရှားဒုတိယဝန်ကြီးချုပ် အိုင်ဂေါဆီချင်နှင့် တူရကီဒုတိယဝန်ကြီးချုပ် တန်နာယီဒစ်တို့က ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။ (အင်တာနက်)

အာဖဂန်မှ ကားဗုံးပေါက်ကွဲမှု အသေခံဗုံးခွဲသူ လေးဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တာလီဘန်အကြမ်းဖက်သမားများ အခြေချရာ ကန်ဒါဟာပြည်နယ်၌ ဇန်နဝါရီ ၁၄ရက်က အချိန်စောစွာ ကားဗုံးပေါက်ကွဲသဖြင့် အသေခံဗုံးခွဲသူလေးဦးစလုံး သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ကားပေါ်တွင် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ရန်ပြင်ဆင်နေစဉ် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ယင်းနေ့ နံနက်စောစောပိုင်း၌ ကန်ဒါဟာမြို့ပြင်ရှိ ပန်းခြံတစ်ခုအတွင်းမှ လူသေလေးလောင်းနှင့် ပျက်စီးနေသည့်ကားကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရန် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ရေး တိုက်တွန်း

ဂျီနီဗာ ဇန်နဝါရီ ၁၅

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရာတွင် ဒေသဆိုင်ရာနှင့် ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများက ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဇန်နဝါရီ ၁၃ ရက်၌ ထုတ်ပြန်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်၌ တိုက်တွန်းထားသည်။

တိုက်တွန်း

ဒေသဆိုင်ရာနှင့် ဒေသခွဲဆိုင်ရာ အဖွဲ့အစည်း ၁၁ ဖွဲ့ကိုယ်စားလှယ်များ တက်ရောက်သည့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် ထိန်းသိမ်းရေးတွင် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အဆိုပါအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး၌ လုံခြုံရေးကောင်စီက အထက်ပါအတိုင်း ကြေညာချက် ထုတ်ပြန်တိုက်တွန်းခြင်းဖြစ်သည်။

ပြောကြား

ပဋိပက္ခဖြစ်ပွားမှုဆိုင်ရာ နယ်ပယ်ကဏ္ဍတွင် စောစီးစွာ သတိပေးရေး၊ ကာကွယ်ရေး၊ ငြိမ်းချမ်းမှုရရှိစေရေး၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးလုပ်ငန်းများ၌ ကုလသမဂ္ဂအဖွဲ့ကြီးကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများက လုပ်ငန်းလည်ပတ်ရေးနှင့်ဆိုင်သော ပူးပေါင်းဆောင်ရွက်မှုများကို နီးကပ်စွာဖြင့် ပိုမိုပြုလုပ်သွားကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်လည်း ကြေညာချက်တွင် ဖော်ပြထားသည်။

အလေးအနက်ထား

ဒေသတွင်း ပဋိပက္ခများနှင့်တကွ သံတမန် အတားအဆီးများ၊ အခြားသော လုံခြုံရေးစိန်ခေါ်မှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရာတွင် ဒေသဆိုင်ရာအဖွဲ့ အစည်းများနှင့် ဒေသခွဲဆိုင်ရာအဖွဲ့အစည်းများ၏ လက်ရှိအနေအထားနှင့် စွမ်းဆောင်ရည်များကို အသုံးချလုပ်ကိုင် ဆောင်ရွက်သွားရန် အရေးကြီးပုံကိုလည်း ကြေညာချက်တွင် အလေးအနက်ထား ဖော်ပြထားသည်။

အကြံပြု

တစ်နိုင်ငံနှင့်တစ်နိုင်ငံ သဘောထားကွဲလွဲမှုများကို ဆွေးနွေးမှု၊ ရင်ကြားစေ့မှု၊ ညှိနှိုင်းမှု၊ စေ့စပ်ဆွေးနွေးမှု၊ စိတ်ကောင်းစေတနာထား ဆောင်ရွက်မှုနှင့်တကွ ပဋိပက္ခများကို ဥပဒေအရ ပြေလည်အောင် ဖြေရှင်းသွားကြရန်လည်း ကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ ၂၀၀၉ခုနှစ်အတွင်း လေဆိပ်သစ် ခြောက်ခုဖွင့်လှစ်ခဲ့

ပေကျင်း ဇန်နဝါရီ ၁၅

တရုတ်အစိုးရအနေဖြင့် ၂၀၀၉ ခုနှစ်အတွင်း၌ လေဆိပ်ခြောက်ခုကို အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ မြို့ပြလေကြောင်းအုပ်ချုပ်မှုဌာန ဒုတိယညွှန်ကြားရေးမှူး ဝမ်ချောင်ရှင်းက ဇန်နဝါရီ ၁၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပြောကြား

တရုတ်နိုင်ငံ မြို့ပြလေကြောင်းလုပ်ငန်းသည် ၂၀၀၉ခုနှစ်အတွင်း၌ လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယွမ်ဘီလီယံ ၆၀ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၂ ဘီလီယံ) ကျခံသုံးစွဲခဲ့သည်ဟု ဝမ်ကပြောကြားသည်။ ယခုအခါ တရုတ်နိုင်ငံတစ်ဝန်း လေဆိပ်ပေါင်း ၁၆၆ ခုရှိသွားပြီဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကားပြပွဲ

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပသည့် ၂၀၁၀ ကားပြပွဲတွင် လာရောက် ကြည့်ရှုသူများအား ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (ယင်းကားပြပွဲ၌ ကားအစီး ၃၀၀ကျော် ပါဝင်ပြသလျက်ရှိသည်။) **(ဆင်ဟွာဓာတ်ပုံ)**

အီရတ်၌ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား ၂၅ဦးသေဆုံး၊ ၇၂ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့၌ ဇန်နဝါရီ ၁၄ရက် မွန်းလွဲပိုင်းက ဗုံးပေါက်ကွဲမှုသုံးကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့ရာ ၂၅ဦးသေဆုံးပြီး ၇၂ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပေါက်ကွဲ

နာဂျက်ဖ်မြို့ရှိ ဝတ်ပြုဆုတောင်းရာ အဆောက်အအုံအနီး၌ ပထမကားဗုံးပေါက်ကွဲခဲ့ပြီး မကြာမီ ဈေးကြီးအနီး၌ ဒုတိယနှင့် တတိယမြောက် လမ်းဘေးဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင်ခန်းများ၊ လူနေအဆောက်အအုံများနှင့် မော်တော်ယာဉ်များလည်း ပျက်စီးသွားခဲ့သည်။

သိမ်းဆည်း

ယင်းနေ့မှာပင် ဘဂ္ဂဒက်မြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆင်ရေးတစ်ရပ် ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားဟု သံသယရှိသူ ၂၅ဦးအား ဖမ်းဆီးနိုင်ခဲ့ပြီး ဖောက်ခွဲရေးပစ္စည်း ကီလိုဂရမ် ၄၀၀ ကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မီးလောင်မှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ပါကို ဒေသ၌ မီးလောင်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မလေးရှားမှ စားအုန်းဆီ တရုတ်ပြည်သို့ ပိုမိုတင်ပို့နေရ

ကွာလာလမ်ပူ ဇန်နဝါရီ ၁၅

တရုတ်-အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ် အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မလေးရှားစားအုန်းဆီတင်ပို့မှု အထူးသဖြင့် တရုတ်ပြည်သို့တင်ပို့မှုကို မြှင့်တင်ပေးရာရောက်မည်ဟု မျှော်လင့်ကြောင်း မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ (အမ်ပီအိုဘီ)မှ တာဝန်ရှိသူ၏ ပြောကြားချက်ကို ဇန်နဝါရီ ၁၃ရက်တွင် ဆင်ဟွာသတင်း၌ ဖော်ပြသည်။

မျှော်မှန်းထား

မလေးရှားနိုင်ငံမှ တရုတ်ပြည်သို့ စားအုန်းဆီတင်ပို့မှုသည် ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ်အတွင်း တန်ချိန် ၃ဒသမ ၇၉သန်းနှင့် ၄ဒသမ၀၃သန်းတင်ပို့နိုင်ခဲ့ပြီး ယခုနှစ်အတွင်း စားအုန်းဆီတန်ချိန် ၄ဒသမ ၅သန်းတင်ပို့နိုင်ရန် မျှော်မှန်းထားရှိသည့်အပြင် နောင်အနာဂတ်ကာလတွင် တန်ချိန်ငါးသန်းအထိ တင်ပို့ရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်း ၎င်းကထုတ်ဖော်ပြောကြားသည်။

ဖော်ပြထား

၂၀၀၂ခုနှစ်မှစတင်ကာ တရုတ်နိုင်ငံသို့ စားအုန်းဆီတင်ပို့သည့် အဓိကနိုင်ငံမှာ မလေးရှားဖြစ်ပြီး တရုတ်နိုင်ငံ၏ စားအုန်းဆီဈေးကွက်၌ မလေးရှားက ၆၀ရာခိုင်နှုန်း နေရာယူထားသည်ဟု ဆင်ဟွာသတင်း၌ဆက်လက် ဖော်ပြသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

နယူးဇီလန် ရေနံရှာဖွေရေးလုပ်ငန်း ရပ်ဆိုင်းထား

နယူးဇီလန်နိုင်ငံတွင် နယူးဇီလန်ဒေါ်လာတစ်ဘီလီယံကျော် (အမေရိကန်ဒေါ်လာသန်း၇၄၀) အကုန်အကျခံဆောင်ရွက်မည့် မဟာတောင်ပိုင်းမြစ်ဝှမ်း၌ သဘာဝဓာတ်ငွေ့နှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းကို အနည်းဆုံးတစ်နှစ် ရပ်ဆိုင်းထားလိုက်ပြီ ဖြစ်သည်။

တတိယမြောက် ဘိုင်ဒူဂြိုဟ်တု တရုတ်လွှတ်တင်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တရုတ်ပုံစံဖြင့် ရေကြောင်း၊လေကြောင်းသွားလာမှုဆိုင်ရာဂြိုဟ်တုစနစ်၏ တစ်စိတ်တစ်ဒေသအဖြစ် တတိယမြောက် ဘိုင်ဒူဂြိုဟ်တုကို ရက်အနည်းငယ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနောက်တောင်ပိုင်းရှိ စီချန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်ရန်စီစဉ်နေကြောင်း ဇန်နဝါရီ ၁၅ ရက်က ထုတ်ပြန်သည့် အဆိုပါစခန်း၏ ကြေညာချက်အရသိရသည်။

တောင်ကိုရီးယား၌ နိုင်ငံသားအဖြစ်ခံယူသူ များပြားလာ

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၀၉ခုနှစ်တွင် နိုင်ငံသားခံယူသည့် ဦးရေအများဆုံး ဖြစ်နေသည်ဟု တောင်ကိုရီးယားအစိုးရက ဇန်နဝါရီ ၁၅ ရက်၌ ကြေညာသည်။ တောင်ကိုရီးယားနိုင်ငံတွင် ယခင်နှစ်အတွင်း နိုင်ငံသားအဖြစ်ခံယူသူ ၂၅၀၄၄ ဦးရှိသည်။

ဂျော်ဒန်နှင့် အစ္စရေးနယ်စပ်အနီး ဗုံးပေါက်ကွဲ

ဂျော်ဒန်နှင့် အစ္စရေးနယ်စပ်အနီး ဇန်နဝါရီ ၁၄ ရက်က ဗုံးတစ်လုံးပေါက်ကွဲသွားကြောင်း၊ ဂျော်ဒန်နိုင်ငံ မြို့တော်အမ္မန်ရှိ အစ္စရေးသံအမတ်ကြီး၏ယာဉ်တန်းကို ပစ်မှတ်ထားဖောက်ခွဲသည့်ဗုံးဖြစ်ကြောင်း ဂျော်ဒန်နှင့်အစ္စရေး နှစ်နိုင်ငံစလုံးက ကြေညာပြီး သေကျေပျက်စီး ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ချီကာဂိုအရှေ့ပိုင်း၌ အဆောက်အအုံ မီးလောင်

ချီကာဂိုမြို့ အရှေ့ပိုင်းတွင် အဆောက်အအုံတစ်လုံး ဇန်နဝါရီ၁၄ရက်က မီးလောင်မှုဖြစ်သဖြင့် တစ်ဦးထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း ချီကာဂိုမီးသတ်ဌာနအရာရှိများက ပြောကြားသည်။

ကိုပင်ဟေဂင်ညီလာခံ မျှော်လင့်ချက် မဖြည့်ဆည်းနိုင်

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် မကြာမီကကျင်းပခဲ့သည့် ကမ္ဘာ့ရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မျှော်လင့်ချက်ကို မဖြည့်ဆည်းနိုင်ခဲ့ကြောင်း အင်ဂိုလာသမ္မတ ဂျို့စ်အက်ဒွါဒိုဒို့စ်ဆန်တို့စ်က လူအန်ဒါမြို့၌ ဇန်နဝါရီ ၁၄ ရက်ကပြောကြားသည်။

လေကြောင်းလိုင်းဆု နယူးဇီလန်လေကြောင်းရရှိ

ကမ္ဘာလုံးဆိုင်ရာ လေကြောင်းလိုင်းလုပ်ငန်းကြီးဖြစ်သည့် လေကြောင်းပို့ဆောင်ရေးကမ္ဘာက နယူးဇီလန်လေကြောင်းပို့ဆောင်ရေး အဲယားနယူးဇီလန်ကို ၂၀၀၉ ခုနှစ်၏ လေကြောင်းလိုင်းဆုအဖြစ် နာမည်ကောင်းပေးဂုဏ်ပြုလိုက်ကြောင်း နယူးဇီလန်သတင်းပြန်ကြားရေးအဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

ကာတာ၌ A(H1N1) ဖြင့် သေဆုံးသူ ၁၀ဦးရှိ

ကာတာနိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါကြောင့် နောက်ထပ်တစ်ဦးသေဆုံးသွားပြန်ရာ ယင်းရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၀ ဦးရှိသွားပြီဖြစ်ကြောင်း ကာတာနိုင်ငံ ကျန်းမာရေးကောင်စီက ဇန်နဝါရီ ၁၄ ရက်၌ ကြေညာသည်ဟု ကာတာသတင်းအေဂျင်စီ (ကျူအင်န်အေ)ကဖော်ပြသည်။

ဘရာဇီးဆရာဝန်များ ဟေတီသို့ထွက်ခွာ

ဘရာဇီးဆရာဝန်နှင့် စေတနာ့ဝန်ထမ်းစုစုပေါင်း၄၀ခန့်ကို ဘရာဇီးအစိုးရက ဟေတီနိုင်ငံမြို့တော် ပို့အော်ပရင့်စ်၌ တည်ဆောက်ပေးမည့် လဟာပြင်(ကွင်းပြင်) ဆေးရုံတွင် တာဝန်ထမ်းဆောင်ရန်အတွက် ဟေတီနိုင်ငံမြို့တော် ပို့အော်ပရင့်စ်သို့ ထွက်ခွာသွားကြပြီဖြစ်ကြောင်း ဘရာဇီးမီဒီယာက ဇန်နဝါရီ၁၅ရက်တွင် ဖော်ပြသည်။(အင်တာနက်)

မိုးဆမ်းပန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ

ထန်းတပင်မြို့နယ် မြို့စိုးကျေးရွာ၌ဖွင့်

ထန်းတပင် ဇန်နဝါရီ ၁၅

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် မြို့စိုးကျေးရွာအုပ်စု မြို့စိုးကျေးရွာနှင့် မိုးဆမ်းပန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်ပေးအပ်ပွဲနှင့် ငွေပဒေသာပင် စိုက်ထူပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက်**(အပေါ်ပုံ)**လှူဒါန်းပွဲကျင်းပရာ ဦးစီးမှူးက ဂျာနယ်စာစောင်၁၀၀နှင့် ဦးစံအပါအဝင် အလှူရှင်၁၄ဦးတို့က အလှူငွေကျပ် ၂၅၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ ဦးစီးမှူးနှင့်အဖွဲ့သည် ယင်းနေ့ မွန်းလွဲ၁နာရီတွင် ဇီးဖြူသောင်ကျေးရွာအုပ်စု နောင်ချိုကျေးရွာနှင့် ပွဲသာကျေးရွာတို့တွင်လည်း စာကြည့်တိုက်အဆောက်အအုံသစ်များ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး တာချီလိတ်မြို့၌ စာအုပ်များလှူဒါန်း

တာချီလိတ် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးအတွက် စာအုပ်စာစောင်များ တိုးပွားအောင် ဆောင်ရွက်လျက်ရှိရာ စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၅ရက် နံနက်က ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

လှူဒါန်း

စာအုပ်လှူဒါန်းပွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း ရပ်ကွက်နေ ဦးကျော်ညွန့်-ဒေါ်သန်းသန်းဝေ မိသားစု (ကျော်စာပေ)က ငွေကျပ်တစ်သိန်းသုံးသောင်းကျော် တန်ဖိုးရှိ ဝတ္ထု၊ မဂ္ဂဇင်းနှင့် ရုပ်ပြစာအုပ် ၄၆၃အုပ် လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က လက်ခံယူသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြို့မကျောင်းသား ကျောင်းသူဟောင်းများ မြန်မာ့ရိုးရာထမနဲပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းက ကြီးမှူးကျင်းပမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲကို ဇန်နဝါရီ ၂၉ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ရန်ကုန်မြို့ အမှတ်၆၈ စကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြို့မကျောင်းသားကျောင်းသူဟောင်းများအသင်း မြတ်မွန်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသားကျောင်းသူဟောင်းများနှင့် မြို့မ၏ မျိုးဆက်သစ်များဖြစ်ကြသော အထက(၂)ဒဂုံနှင့်အထက(၃)ဒဂုံတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း-၂၅၀၁၅၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပမြဲဖြစ်သော ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ စာသင်နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ၂၃ရက် (စနေနေ့) နံနက် ၉နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဟောပြော

ရန်ကုန်မြောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်ဆိုးကျိုးများ၊ အိမ်သုံးဆေးဝါးများကို မူးယစ်ဆေးဝါးအသွင် အလွဲသုံးစားပြုခြင်း၏ အန္တရာယ်ဆိုးကျိုးများ အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၄ရက်က မှော်ဘီမြို့နယ် တပ်ကြီးကုန်းအထက(ခွဲ)၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်သန်းကျော်ဌေးက ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၁၈ ရက်က ကျင်းပရာ ၁၆နှစ်ဆက်တိုက် ခွင့်ရက်မပျက်ဆုရ အလယ်တန်းပြဆရာမ ဒေါ်ခင်မြထွေးအား ကျောင်းအုပ်ဆရာကြီး ဦးစိန်သွေးက ဆုချီးမြှင့်စဉ်။ (၁၇၀)

မီးဘေးကာကွယ်ရေး သရုပ်ပြ ဆောင်ရွက်

ဗန်းမော် ဇန်နဝါရီ ၁၅

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ သီရိရတနာဈေးတွင် ဒီဇင်ဘာ၂၃ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးတင်မောင်သန်းဦးဆောင်၍ ဈေးအတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး သရုပ်ပြဆောင်ရွက်မှုကို စစ်ဆေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း နောက်ဆက်တွဲ ဖောင်ပီတ်သတင်း

ဟေတီ၌ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေ ကနဦး စာရင်းကောက်ယူမှု၌ သေဆုံးသူ ၅၀၀၀၀ကျော်ရှိသွားပြီ

➤ သတင်းမှတ်စု - မောင်ချစ်ကြည်

ပို့အော်ပရင့်စ် ဇန်နဝါရီ ၁၅

ဟေတီကျွန်းနိုင်ငံတွင် အင်အားပြင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဟိုတယ်များနှင့် နေအိမ်များကို နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ အမြန်ဆုံးဖယ်ရှားရှင်းလင်းနေပြီဖြစ်သည်။

ကယ်ဆယ်ရေးစခန်း

ဟေတီကျွန်းနိုင်ငံ မြို့တော်ပို့အော်ပရင့်စ်၌ ရွက်ဖျင်တဲများထိုးပေးကာ အရေးပေါ် ကယ်ဆယ်ရေးစခန်းများ ဆောက်လုပ်ပေးနေပြီဖြစ်သည်။ သို့သော်ရွက်ဖျင်တဲများမှာ လုံလောက်မှုမရှိသဖြင့် ငလျင်ဒဏ်ကြုံတွေ့ခံစားရသူ ပြည်သူအများအပြား နီးစပ်ရာ အဆောက်အအုံများ၌ ဝင်ရောက်နေထိုင်ကြသည်။

ရောက်ရှိ

ပို့အော်ပရင့်စ်လေဆိပ်သို့ ကယ်ဆယ်ထောက်ပံ့ရေးလေယာဉ်များ နေ့စဉ်ဆိုက်ရောက်လာသည်။ အမေရိကန်၊ ပြင်သစ်၊ ဘရာဇီး၊ ကနေဒါနှင့်အခြားနိုင်ငံများမှ ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသော လေယာဉ်များလည်း ဆိုက်ရောက်လာကြသည်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ တာဝန်ရှိသူများက ဇန်နဝါရီ ၁၅ရက်အထိ စားနပ်ရိက္ခာနှင့် ထောက်ပံ့ရေး ပစ္စည်းစုစုပေါင်း တန်ချိန် ၆၀၀၀ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားသည်။

ပျံသန်းခွင့်

ဟေတီကျွန်းနိုင်ငံရှိ ငလျင်ဒဏ်ကြုံတွေ့ခံစားနေရသည့် ပြည်သူများအတွက် ဆေးဝါးနှင့်ထောက်ပံ့ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရန် အမေရိကန်လေယာဉ်များကို ဝေဟင်ပိုင်နက်ဖြတ်သန်းခွင့်ပေးမည်ဟု ကျူးဘားအစိုးရက သတင်းထုတ်ပြန်သည်။ ထောက်ပံ့ရေးပစ္စည်းတင် ကုန်တင်လေယာဉ်များ ဇန်နဝါရီ ၁၅ရက်မှစတင်ကာ ကျူးဘားဝေဟင်ပိုင်နက်ကို ဖြတ်သန်းကာ ပျံသန်းပို့ဆောင်နေကြပြီဖြစ်သည်။

လိုအပ်နေဆဲ

ယခုအချိန်အထိ ငလျင်ဒဏ်ကြုံတွေ့ခံစားရသည့် ဟေတီပြည်သူများ အစားအစာနှင့် ဆေးဝါးများလုံလောက်မှုမရသေးကြောင်း ပို့အော်ပရင့်စ်မြို့မှ မြို့ခံတစ်ဦးက ပြောကြားသည်။ ငလျင်ဒဏ်ကြောင့် ဟေတီနိုင်ငံတွင် ငွေကြေးနှင့် ထောက်ပံ့ရေးပစ္စည်းများစွာလိုအပ်နေဆဲဖြစ်သည်။ ကုလသမဂ္ဂကလည်း ဟေတီငလျင်ဘေး ကြုံတွေ့နေရသူများအား နိုင်ငံတကာမှ အကူအညီပေးရန် ဆော်သြထားသည်။

ကယ်ဆယ်

ဟေတီကျွန်းနိုင်ငံမြို့တော် ပို့အော်ပရင့်စ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံအပျက်အစီးများအောက်မှ ပိတ်မိနေသူ တစ်ဦးအား နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့ဝင်များက ဇန်နဝါရီ ၁၅ရက်၌ ဤသို့ ကယ်ဆယ်ခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

သတိကြီးစွာဖယ်ရှား

ကရိန်းများ၊ စက်ယန္တရားများနှင့် ထရပ်ကားများအသုံးပြုပြီး အဆောက်အအုံ အပျက်အစီးများအောက်မှ ပိတ်မိနေသူများ လွတ်မြောက်စေရန် ကယ်ဆယ်ရေးအဖွဲ့များက သတိကြီးစွာထားကာ ဖယ်ရှားလျက်ရှိသည်။ ဇန်နဝါရီ ၁၅ရက်အထိ ပို့အော်ပရင့်စ်မြို့ရှိ ပြိုကျ ပျက်စီးနေသော စာသင်ကျောင်း အပျက်အစီးများအောက်၌ သေဆုံး ပိတ်မိနေသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀၀ခန့်ရှိမည်ဟု ခန့်မှန်းနေကြသည်။

ကျန်းမာရေးစောင့်ရှောက်မှု

ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူဦးရေမှာ များပြားနေသဖြင့် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များ၌ ပါဝင်လာသည့် ဆရာဝန် ၇၀မှာလည်း ကျန်းမာရေး ဆောင်ရွက်ရန် မနိုင်မနင်းဖြစ်နေသည်။ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ မပေးနိုင်သဖြင့် နိုင်ငံတကာမှ ဆေးဝန်ထမ်းအဖွဲ့များကို အကူအညီတောင်းခံထားသည်။

ဇန်နဝါရီ ၁၅ရက်အထိ နိုင်ငံတကာမှ အကူအညီပေးရေးအဖွဲ့ဝင် ၄၈၈ဦး ဟေတီကျွန်းနိုင်ငံသို့ ရောက်ရှိနေပြီး အဆောက်အအုံအပျက်အစီးများကို အမြန်ဖယ်ရှား ရှင်းလင်းလျက်ရှိသည်။

သေဆုံးသူ ၅၀၀၀၀

ဇန်နဝါရီ ၁၅ရက်မွန်းလွဲပိုင်းအထိ ငလျင်ကြောင့် ဟေတီကျွန်းနိုင်ငံတွင် သေဆုံးသူ ၅၀၀၀၀ကျော်ရှိကြောင်း ပဏာမ သေဆုံးလူဦးရေ ကောက်ယူမှုစာရင်း၌ ဖော်ပြထားသည်။ အဆောက်အအုံပျက်များအတွင်း၌ သေဆုံးနေသူများကို မခန့်မှန်းနိုင်ဘဲရှိရာ နိုင်ငံတကာမှ အကူအညီများပေးကြရန် မေတ္တာရပ်ခံထားသည်။ **(အင်တာနက်)**

ငွေရေးကြေးရေးလုပ်ငန်း လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် တည်ငြိမ်ခိုင်မာသည့် အခြေခံကောင်းများ ဖြစ်ထွန်းတိုးတက်မှု ရရှိမည်

နေပြည်တော် ဇန်နဝါရီ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ (၁၁၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားရာ၌ ဘဏ်နှင့် ငွေရေးကြေးရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တည်ငြိမ်ခိုင်မာသည့် အခြေခံကောင်းများမှတစ်ဆင့် ဖြစ်ထွန်းတိုးတက်မှုများ ရရှိလာမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အကျိုးရှိစွာအသုံးပြုနိုင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာ ထိုအခြေအနေကောင်းများမှ e-Banking System ကို ဟန်ချက်ညီညီ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေးကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ မြင့်မားလာပါက ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် မျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံဘဏ်များ အသင်းမှ အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြဆွေးနွေးရန်ရှိသည်များကိုလည်းကောင်း၊ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၆) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ

၂၀၁၀ခုနှစ်၊ ဇန်နဝါရီ (၂၀)ရက် မှ (၂၆)ရက်အထိ ရန်ကုန်မြို့

နှင်းဆီနှစ်သစ် အနုပညာပဒေသာကပွဲ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ရက် အထိကပြမည်

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)အတွက် ရန်ပုံငွေရှာဖွေရန် ဒါရိုက်တာအကယ်ဒမီ မောင်မျိုးမင်း (ရင်တွင်းဖြစ်)စီစဉ်တင်ဆက်ပြီး ရုပ်ရှင်၊ ဂီတ အနုပညာရှင်များပါဝင်သော နှင်းဆီနှစ်သစ် အနုပညာပဒေသာကပွဲကို ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အထိ အမျိုးသားကဇာတ်ရုံ (ရန်ကုန်)၌တင်ဆက်ကပြမည်ဖြစ်ကြောင်း ကြေညာထားသည့်အစား ဇန်နဝါရီ ၂၂ရက်မှ ၂၄ရက်အထိ တင်ဆက်ကပြရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁ရက်က (၆၂)နှစ် မြောက် လွတ်လပ်ရေး နေ့ကို ဂုဏ်ပြုသော အားဖြင့် မကွေးတိုင်း မင်းလှ မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မြို့ရေပေးရေး လုပ်ငန်းကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (ခေတ္တ) ဥက္ကဋ္ဌ ဦးယုကြိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူတို့ အမှတ်(၅)ရပ်ကွက် တာဘောင်ကြီးလမ်း ထပ်ဆင့်တွန်း ရေလှောင်ကန်မှခ်ဦးရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

၂၁ရာစု၏ အချိန်အကြာဆုံးနေကြတ်မှု ဖြစ်ပေါ် ကမ္ဘာ့ပြည်သူများ စိတ်ဝင်စားစွာ စောင့်ကြည့်ခဲ့ကြ

☆ အာကာသသိပ္ပံသတင်းမှတ်စု - မိုးမြင့်လင်းလက် ☆

နယူးဒေလီ ဇန်နဝါရီ ၁၅

အာကာသသိပ္ပံပညာရှင်များ ကြိုတင်တွက်ချက်ထားသည့်အတိုင်း ဇန်နဝါရီ ၁၅ရက်၌ နေကြတ်မှုဖြစ်ပေါ်ခဲ့သည်။ နေကြတ်မှုသမိုင်းတွင် အချိန်အကြာဆုံးဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ပြည်သူများ ဇန်နဝါရီ ၁၅ရက်၌ စိတ်ဝင်စားစွာ စောင့်ကြည့်လေ့လာခဲ့ကြသည်။

နေကြတ်ချိန်

နေကြတ်ခြင်းကို အိန္ဒိယနိုင်ငံ တမီလ်နာဒူ၊ မွမ်ဘိုင်း၊ နယူးဒေလီ၊ ချင်းနိုင်စသည့် နေရာများမှ ဇန်နဝါရီ ၁၅ရက် ဒေသစံတော်ချိန် နံနက် ၁၁နာရီခန့်ကလည်းကောင်း၊ အာဖရိကအလယ်ပိုင်းနိုင်ငံများ၊ မော်လဒိုက်၊ ဟွန်ဒူးရပ်စ်စသည့် နိုင်ငံများက ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၁၂မိနစ်ခန့်ကလည်းကောင်း၊ မြန်မာနိုင်ငံတွင် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ ၂၅မိနစ်ခန့်တွင်လည်းကောင်း ပြည်သူများ တွေ့မြင်ခဲ့ကြသည်။

မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် နေကြတ်ခြင်း စတင်မြင်တွေ့ရမှုမှာ ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီ ၂၅မိနစ်၌ဖြစ်ပြီး အနောက်တောင်ဘက်မှ အရှေ့မြောက်ဘက်သို့ ဖြည်းဖြည်းရွေ့လျားကာ နေပေါ်သို့လရိပ်ဖုံးသွားခြင်းဖြစ်သည်။ နေကြတ်ခြင်းကို မြန်မာနိုင်ငံအတွင်းမှ မွန်းလွဲ ၁နာရီ ၂၅မိနစ်မှ စတင်ကာ ညနေ ၃နာရီ ၁၅မိနစ်အထိ အချိန်ကြာမြင့်စွာ မြင်တွေ့ခဲ့ရသည်။

အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံတွင် နေကြတ်ခြင်းကို ဇန်နဝါရီ ၁၅ရက် နံနက် ၁၁နာရီ ၅၃မိနစ်က စတင်ကာ ညနေ ၃ နာရီ ၁၁မိနစ်အထိ မြင်တွေ့ကြရသည်။ အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ် တောင်ပိုင်း ကိုချန်မြို့သည် နေကြတ်ခြင်းကို စောင့်ကြည့်လေ့လာသူ များပြားခဲ့သည့် မြို့ဖြစ်သည်။ မွမ်ဘိုင်း၊ ချင်းနိုင်နှင့် နယူးဒေလီမြို့နေ ပြည်သူများသည်လည်း နေကြတ်ခြင်းကို အချိန်ကြာမြင့်စွာ စောင့်ကြည့်လေ့လာခဲ့ကြသည်။

ထို့အတူ တရုတ်နိုင်ငံ မြစ်ဝါမြစ် ကမ်းခြေဒေသများနှင့် သီရိလင်္ကာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့လည်း နေကြတ်ခြင်းကို ဒေသစံတော်ချိန် အနည်းငယ်စီကွဲပြားကာ အချိန်တစ်နာရီကျော်ကြာမျှ မြင်တွေ့ခဲ့ကြရသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ကိုချန်မြို့နေ ပြည်သူများ နေကြတ်ခြင်းကို ဤသို့ စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။ (ဓာတ်ပုံအင်တာနက်)

ကွဲပြား

နေကြတ်ခြင်းကို မြင်တွေ့ရမှုမှာ ကွဲပြားခြားနားသည်။ အာဖရိက အလယ်ပိုင်းနိုင်ငံများက နေပေါ်သို့ လရိပ်အပြည့်နီးပါး ဖုံးလွှမ်းမှုမျိုးဖြင့် နေကြတ်မှုဖြစ်ပေါ်ခဲ့ရာ စောင့်ကြည့်လေ့လာသူများက မီးကွင်းပုံသဏ္ဍာန် မြင်တွေ့ရသည်။ အာရှတိုက်နိုင်ငံများမှာမူ နေကြတ်မှုကို မြင်တွေ့ရသည်မှာ နေပေါ်သို့ လရိပ်ဖုံးလွှမ်းမှု တစ်ဝက်အနေအထားနှင့် သုံးပုံနှစ်ပုံ အနေအထားမျိုးဖြစ်သည်။

မှတ်တမ်းတင်

ယခုနေကြတ်ခြင်းမှာ ၂၁ရာစု၌ အချိန်အကြာဆုံးဖြစ်သည်။ ထို့ကြောင့် သုတေသနပညာရှင်များက မြေပြင်မှလည်းကောင်း၊ လေယာဉ်များဖြင့် ဝေဟင်မှလည်းကောင်း ဗီဒီယိုများ၊ကင်မရာများဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။ ကမ္ဘာ့ပြည်သူ အများအပြားက မြေပြင်မှနေ၍ အထူးကြည့်မျက်မှန်များ၊ အာကာသအဝေးကြည့် မှန်ပြောင်းများဖြင့် အချိန်ပေးကာ စိတ်ဝင်စားစွာ စောင့်ဆိုင်းကြည့်ရှုခဲ့ကြသည်။ ***(အင်တာနက်)***

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး မိုင်းယန်း၌ ဆေးဝါးကုသမှု ကြည့်ရှု လူနာများ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုးသည် ဇန်နဝါရီ ၇ရက် နံနက်ပိုင်းတွင် မိုင်းခတ်တပ်နယ်ခန်းမ၌ တပ်နယ်အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံပြီး မိုင်းခတ်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးသည် မိုင်းယန်းတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ မိုင်းယန်းတပ်နယ်အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ အခမဲ့ဆေးဝါးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် မြို့အတွင်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်အား ဗီယက်နမ်လေကြောင်းလိုင်းဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဗီယက်နမ်လေကြောင်းလိုင်း ဥက္ကဋ္ဌ Mr.Pham Ngoc Minh နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဗီယက်နမ်လေကြောင်းလိုင်းတို့အကြား လေကြောင်းပျံသန်းရေးဆိုင်ရာ ကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကျောက်တန်း အထက ကျောင်းသား ကျောင်းသူဟောင်းများ (၂၅)ကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

ကျောက်တန်းမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅) ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် ကျောက်တန်းမြို့ အသောကာရာမ ပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လ ဓမ္မဗိမာန်တော်ကြီး၌ကျင်းပမည်ဖြစ်ရာ အထက(၁)၊ (၂)တို့တွင် တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် ကျောက်တန်းမြို့နယ်အတွင်း အမက ကျောင်းအုပ်များအဖြစ် ဆောင်ရွက်ခဲ့ကြသည့် အသက် ၇၀နှင့်အထက် ဆရာ ဆရာမကြီးများ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဖွယ်ငွေနှင့် ဂါရဝပစ္စည်းများကို ဦးသင်းမောင် ဖုန်း-၀၁-၆၅၂၀၆၅၊ ဦးဖေသောင်း-ဒေါ်မြင့်မြင့်စီ ဖုန်း-၀၁-၅၄၅၆၉၉၊ ဦးကြည်ညွန့် ဖုန်း-၀၅၆-၂၅၆၄၅၊ ဦးပိန်း ဖုန်း-၀၅၆-၂၅၂၈၅၊ ဦးသောင်းဝင်း ဖုန်း-၀၅၆-၂၅၆၄၁၊ ဦးရဲထွဋ် ဖုန်း-၀၁- ၅၄၀၃၈၅၊ ဒေါက်တာအောင်စည် ဖုန်း -၀၅၆-၂၅၆၁၄နှင့် ဦးသောင်းထွဋ်ကျော် ဖုန်း-၀၅၆-၂၅၄၆၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၁၅)

ထူးခြားသည့် ညအပူချိန်

၁၅-၁-၂၀၁၀

ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့	၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၅ ဒီဂရီစင်တီဂရိတ်

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၁၇-၁-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၉း၃၀	ဘဝအသွင်ကဗျာ့အမြင် (အပြုံးလက်ဆောင်) တေးပဒေသာ
၉း၄၅	ဘဝတစ်ကွေ့ အတွေ့အကြုံ (ဘဝခရီးကြမ်း)
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၂၅	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ကြက်ဥ ကိုစားအကျိုးများ) သတင်းစာအာဘော်
၁၀း၃၀	တေးစီးရီး(နေခွင့်-အန်းနော်)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင်တေးသံစဉ်(၆၁)
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ်(ကလေးများအတွက်ပုံပြင်-မျက်ပြူးရဲ့ပိစိ)
၁၂း၁၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ မြန်မာစာဂုဏ်ရည်-ဦးဝမ်ထိန် ၂။ အတ္တကို ထိုးဖောက်ခြင်း (စာရေးဆရာများ)
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	သိလိုသမျှမေးကျန်းမာရေး
၁၃း၂၀	တေးပဒေသာ
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မြတ်နိုးစရာကျေးရွာတေးကဗျာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၀	သုတစုံကြွယ်သိစေဖွယ် (စကားလုံးတို့၏ ရင်းမြစ်)
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	Talk on Line (အေသင်ချိုဆွေ) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (သအို) စီးပွားရေးဦးတည်ချက်
၂၀း၄၀	လယ်ယာစီးပွား (ငရုတ်တစ်ပင်၊ ဘူးတစ်ပင် စိုက်လျှင်ရောင်းရ ဝမ်းလဲ၀)
၂၀း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀	ရင်တွင်းခံစားတေးသီချင်းများ (တင်တင်ဝင်း)
၂၁း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀	ခေတ်မရွေးသောတေး

ဇန်နဝါရီ ၁၄ရက်က ကျောက်ဆည်တက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် နေပြည်တော်တပ်ကုန်းမှ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား နေပြည်တော်တပ်ကုန်း အထက(၁) ပညာ့ဗိမာန်ခန်းမ၌ သင်တကယ် အောင်မြင်ချင်တယ်ဆိုရင် ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။ (၀၉၁)

နှစ်ချုပ်အထူးဆောင်းပါးများဖြင့် ၂၀၁၀နှစ်သစ်ကူး အထူးထုတ်ကွန်ပျူတာဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၉ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ကွန်ပျူတာအကြောင်းအရာ အဖြစ်အပျက်များ၊ တီထွင်ဖန်တီးမှုများ၊ ၂၀၁၀ခုနှစ်တွင် ဖြစ်ထွန်းတိုးတက်လာမည့် အိုင်တီဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်သစ်ကူး အထူးဆောင်းပါးများ ပါဝင်ဖော်ပြထားသည့် ၂၀၁၀ခုနှစ် ဇန်နဝါရီ အထူးထုတ်ကွန်ပျူတာဂျာနယ် ထွက်ရှိလာသည်။ ယခုနှစ်အထူးထုတ် ကွန်ပျူတာဂျာနယ်ကို ပုံမှန်ထုတ်ဝေနေကျအရွယ်အစားမှ အရွယ်ကြီး၊ ဆိုက်ကြီး ဆေးရောင်စုံစာမျက်နှာများ၊ ပုံစံသစ်ဖြင့် ဝေဝေဆာဆာ ပြောင်းလဲထုတ်ဝေထားသည်။

လေ့လာဖတ်ရှုနိုင်

မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်လာသော အိုင်စီတီဆိုင်ရာ အကြောင်းအရာများကို လေ့လာသုံးသပ်တင်ပြထားသော ၂၀၀၉ မြန်မာအိုင်စီတီစစ်တမ်းကို အသေးစိတ်ဖတ်ရှုလေ့လာနိုင်ရုံမက မြန်မာနိုင်ငံ၏ ကွန်ပျူတာသုံးစွဲမှုအနေအထား၊ အင်တာနက်သုံးစွဲမှုပုံစံများကိုပါ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။ ထို့ပြင် မြန်မာကွန်ပျူတာ သုံးစွဲသူများ ရွေးချယ်အသုံးပြုနေကြသော ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ ဘာ့ကြောင့် ဝယ်ယူသုံးစွဲနေရသည်ကိုလည်း ပရိသတ်အကြိုက် ၂၀၀၉ ဆောင်းပါးဖြင့် ဖော်ပြပေးထားသည်။

ကမ္ဘာနှင့်အဝန်း စီးပွားရေးပျက်ကပ်ကြုံနေရချိန်တွင် ကုမ္ပဏီအရှုံးမပေါ်ရုံမက အကျိုးအမြတ် အကြီးအကျယ်ရရှိနေသော ပန်းသီးကွန်ပျူတာကုမ္ပဏီနှင့် ယနေ့နာမည်ကြီး အိုင်ဖုန်း၊ အိုင်ပေ့ါ ပစ္စည်းများကို တီထွင်သူ စတီဂျော့ဗ်၏ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအကြောင်းများ၊ ပဲခူးရိုးမတောကြီးထဲတွင် ကြီးပြင်းခဲ့ရပြီး ကွန်ပျူတာပညာ သင်ယူတတ်မြောက်ခြင်းမရှိသော်လည်း စီမံခန့်ခွဲမှုအရည်အသွေးဖြင့် ယနေ့မြန်မာအိုင်စီတီလောက၏ ဦးဆောင်နေသူများထဲမှ တစ်ဦးဖြစ်သူ ဒေါ်ဝါဝါထွန်း၏ အကြောင်းတို့ကို စိတ်ဝင်စားဖွယ် တင်ပြထားသည်။

ဝေဝေဆာဆာ

ပြောင်းလဲနေသော နည်းပညာများကို လေ့လာလိုက်စားသူများ၊ အသက်မွေးဝမ်းကျောင်းပြုမည့်သူများအတွက် ကွန်ပျူတာ ပရိုဂရမ်ရေးသားခြင်းနှင့် သက်ဆိုင်သော အယူအဆများ၊ အခွင့်အလမ်းများ လစဉ်ပါဝင်နေကျ အခန်းကဏ္ဍများဖြစ်သော ကွန်ပျူတာ အမေးအဖြေများ၊ ကွန်ပျူတာ လက်တွေ့သင်ခန်းစာများ၊ ဂရပ်ဖစ်ဒီဇိုင်းသင်ခန်းစာများ၊ ကွန်ပျူတာ သတင်းနှင့်မှတ်စုများကို ဝေဝေဆာဆာတင်ပြထားသည်။

နှစ်သစ်ကူး အထူးအစီအစဉ်အနေဖြင့် ကွန်ပျူတာတစ်လုံးတွင် အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်သည့် အင်တဲမိုက်ကရို ပရိုဆက်ဆာများ နံရံကပ်ပိုစတာတစ်ချပ်နှင့် ကွန်ပျူတာ ဂျာနယ် ၁၆နှစ်စာ ဆောင်းပါးများ ထည့်သွင်းပေးထားသော ကွန်ပျူတာသုံး ဒီဗွီဒီကိုလည်း ထည့်သွင်းပေးထားရာ ကွန်ပျူတာဂျာနယ်စုဆောင်းသူများ၊ လေ့လာသူများအတွက် အထူး အသုံးဝင်မည်ဖြစ်သည်။

ပို့ဆောင်ပေးမည်

၂၀၁၀ ခုနှစ် ဇန်နဝါရီလထုတ် အထူးထုတ်ကွန်ပျူတာဂျာနယ်ကို တစ်ဦးချင်းဖြစ်စေ၊ ရုံးအဖွဲ့အစည်းလိုက်ဖြစ်စေ အိမ်တိုင်ရာရောက် မှာကြားလိုပါက Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၀၉-၅၀-၈၀၈၅၀ တို့သို့ ဆက်သွယ်မှာကြားနိုင်သည်။ ပို့ဆောင်ခလုံးဝမယူဘဲ စာအုပ်ဆိုင်တွင် ရောင်းချသော မူရင်းဈေးအတိုင်း ၂၄နာရီအတွင်း အိမ်အရောက်၊ ရုံးအရောက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

တစ်ပြည်လုံး၌ ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ဒသမ၀၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ယနေ့ ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကျိုက္ကလီ၌ စာကြည့်တိုက်ဆောက်လုပ်ရေး ဆွေးနွေး

သံတွဲ ဇန်နဝါရီ ၁၅

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိမိသည် ဇန်နဝါရီ ၃ရက် နံနက် ၁၀နာရီက ကျိုက္ကလီမြို့နယ် စေတီကွင်းကျေးရွာ၌ နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက်မြေနေရာကို သွားရောက်ကြည့်ရှု၍ စေတီကွင်းကျေးရွာ အထကခွဲ အစည်းအဝေးခန်းမတွင် စာကြည့်တိုက် ဆောက်လုပ်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ကို ဇန်နဝါရီလကုန်တွင် အပြီးဆောက်လုပ်နိုင်ရေးအတွက် ဆွေးနွေးသည်။ **(အပေါ်ပုံ)**

တက်ရောက်

စာကြည့်တိုက်အမြန် ဆောက်လုပ်ရေး တွေ့ဆုံဆွေးနွေးပွဲသို့ ကျိုက္ကလီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဇော်ဆန်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ အထကခွဲကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ စာကြည့်တိုက် ကော်မတီဝင်များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

✳ ကျော်ဖုံးမှ

အဋ္ဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်၏ ထူးခြားချက်များမှာ ရတနာပုံ ဆိုက်ဘာဟော (Yatanarpon Cyber Hall) ဖွင့်လှစ်နိုင်ခြင်း၊ ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံကြီးတွင် အိုင်စီတီ ဟောပြောပွဲများ ကျင်းပနိုင်ခြင်း၊ နိုင်ငံတကာအဆင့်မီ MCC Training Institute (Yatanarpon) အဆောက်အအုံကို ဖွင့်လှစ်နိုင်ခြင်းနှင့် 5th MCC Franchise Conference ကို ကျင်းပနိုင်ခြင်းတို့ပင် ဖြစ်သည်။

အိုင်စီတီစကားဝိုင်း

အဋ္ဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်သို့ သတင်းတာဝန်ဖြင့် ရောက်ရှိစဉ် MCC Training Institute (Yatanarpon) တွင် တက်ရောက် သင်ကြားလျက်ရှိကြသည့် သင်တန်းသား သင်တန်းသူများ၊ တာဝန်ခံဆရာများနှင့် တွေ့ဆုံ၍ အိုင်စီတီ စကားဝိုင်းဖန်တီးဖြစ်ခဲ့ပါသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ MCC Training Institute ၏ ကျောင်းအုပ်ကြီး Mr.Chiris Harison က မြန်မာ အိုင်စီတီ နယ်ပယ်နှင့် စပ်လျဉ်းပြီး ''ICT ဟာ ကမ္ဘာ့အသီးသီးမှာ အရေးကြီးပါတယ်။ ICT ကိုသာ အသုံးမပြုရင် အားလုံးမှာ နောက်ကျကျန်ရစ်နိုင်ပါတယ်။ အခုဆိုရင် MCC တို့လို ကုမ္ပဏီကြီးတွေက ICT ကို ကမ္ဘာ့အားလုံးအတွက် အသုံးချနေပြီဖြစ်လို့ အိုင်စီတီကို အခြေခံတဲ့ လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်လာပြီ ဖြစ်ပါတယ်။ နိုင်ငံတကာမှာဆိုရင်လည်း သင်ခန်းစာ အသီးသီးမှာ အိုင်စီတီကို သင်ကြားမှု အထောက်အကူပြု စနစ်တစ်ခုအဖြစ် အသုံးပြုနေကြတာ ဖြစ်ပါတယ်''ဟု ဆွေးနွေး ပြောကြားသည်။

ပြင်ဦးလွင်မြို့မှ ပထမနှစ်ကျောင်းသူ မမေဇင်ထွဋ်က ''ကွန်ပျူတာပညာရပ်ကို စိတ်ဝင်စားလို့ ဒီသင်တန်းတက်ဖြစ်တာပါ။ အခုဆိုရင် ကွန်ပျူတာ ပညာရပ်ဟာ နေရာတကာမှာ အရေးပါတဲ့ အနေအထား ဖြစ်ပါတယ်။ ယခုလို ဒီမှာ အိုင်စီတီပြပွဲတွေ ပြုလုပ်ပေးလို့ သင်ကြားရေးမှာ အထောက်အကူဖြစ်စေပါတယ်။ သင်ကြားမှု အထောက်အကူပြု ပစ္စည်းတွေကို တစ်ဦးချင်းစီ ကိုင်တွယ်အသုံးပြုရတဲ့အတွက် ပိုပြီး အဆင်ပြေပါတယ်။ ကွန်ပျူတာနှင့်ပတ်သက်လို့ Professional ဖြစ်ချင်ပါတယ်။ Software ရေးတဲ့ Programmer လုပ်ရတာ ပိုပြီး သဘောကျပါတယ်။ မိန်းကလေးတွေ အတွက်လည်း သင့်တော်မယ်လို့ ထင်ပါတယ်။ OJT (On Job Training) တွေနဲ့ အတူတူ သင်ကြားရတာကြောင့် နားလည်လွယ်ပါတယ်''ဟု ပြောကြားသည်။

တိုက်ရိုက်ဆွေးနွေး

ပျော်ဘွယ်မြို့မှ ပထမနှစ် ကျောင်းသူ မသန္တာစိုးကလည်း ''သင်ကြားတဲ့နေရာမှာ တစ်ယောက်ကို Laptop တစ်လုံးစီနဲ့ သင်ရတဲ့အတွက် ထိထိမိမိ ရှိပါတယ်။ လက်တွေ့လုပ်တဲ့နေရာမှာ သိချင်တာကို ဆရာနဲ့ တိုက်ရိုက်ဆွေးနွေးလို့ ရပါတယ်။ စာတွေ့ကို အလျင်စလို မသင်ဘဲနဲ့ အေးအေးဆေးဆေး သင်ပေးပါတယ်။ နားလည်မှ အသစ်ကို တက်ပါတယ်။ အင်တာနက်ကို ၂၄ နာရီလုံး အသုံးပြုခွင့် ပေးထားတဲ့အတွက် လေ့လာချင်တာကို သိချင်တဲ့ အချိန်မှာ မဆိုင်းမတွရာပြီး လေ့လာနိုင်ပါတယ်။ ရည်မှန်းချက်အနေနဲ့ကတော့ Programmer ဖြစ်ချင်တာပါ။ Oversea မှာ System Analyst ဖြစ်ချင်တာပါ''ဟု ပြောကြားသည်။

အတွေ့အကြုံအများကြီးရ

ရန်ကုန်တိုင်းမှ ပထမနှစ် ကျောင်းသား မောင်ဟိန်းသူနောင်ကလည်း ''ကျောင်းသား တစ်ယောက် Laptop တစ်လုံး၊ တစ်ပတ်မှာ OJT ခေါက်ကြိမ်ပါတယ်။ English Course (Beginner, Pre- Intermediate, IELTS) စတာတွေကိုလည်း သင်ပေးတယ်။ IT ဟာ ယခုလက်ရှိမှာတော့ အတွင်ကျယ်ဆုံး ဖြစ်မယ်လို့ ထင်ပါတယ်။ IT ကို စိတ်ဝင်စားလို့ MCC ကို တက်ဖြစ်သွားပါတယ်။ MCC မှာ OJT ပါတော့ ကျွန်တော်တို့အတွက် စာလည်းသင်ရင်း လက်တွေ့လည်းရတယ်။ ဆရာ ဆရာမတွေကလည်း တကယ်လက်တွေ့ လုပ်နေကြရတဲ့အတွက်ကြောင့် ကျွန်တော်တို့အတွက် အတွေ့အကြုံတွေအများကြီးရတယ်။ ဒီ IT Field က အရင်က ကျွန်တော်နဲ့ တော်တော်စိမ်းပါတယ်။ စိတ်ဝင်စားလို့ ဒီ IT Field ထဲ ဝင်ဖြစ်တာပါ။ ပထမတော့ အခက်အခဲတွေ့ရပါတယ်။ ဒါပေမယ့် ဆရာ ဆရာမတွေက Intro လုပ်ပေးတဲ့အတွက် တော်တော်လေး အဆင်ပြေလာပါတယ်။ ဒီကျောင်းရောက်လာတဲ့ အချိန်မှာ IT အကြောင်းတွေကို တော်တော် သိလာပါတယ်။ နိုင်ငံတကာအသိအမှတ်ပြု အိုင်တီပညာရှင် တစ်ဦး ဖြစ်ချင်ပါတယ်'' ဟု ပြောကြားသည်။

စိတ်ဝင်စား

ရန်ကုန်မြို့မှ ပထမနှစ် ကျောင်းသူ မမြတ်သီရိချိုကလည်း ''ဒီမှာ သင်တန်းတက်ရတဲ့ ရည်ရွယ်ချက်ကတော့ အိုင်တီကို စိတ်ဝင်စားလို့ပါ။ ကွန်ပျူတာနဲ့ ပတ်သက်တာတွေကို လေ့လာချင်တယ်။ Programming နဲ့ ပတ်သက်ပြီးတော့လည်း ထူးချွန်ချင်လို့ပါ။ သင်ကြားမှုပုံစံက Projector တွေနဲ့ သေသေချာချာ သင်ရပါတယ်။ တစ်နေ့ကို နံနက် ၁၀နာရီကနေ ညနေ ၅နာရီအထိ သင်ရပါတယ်။ Own Laptop နဲ့ သင်ရပါတယ်။ ကွန်ပျူတာ၊ အိုင်တီနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေ တက်သင့်ပါတယ်။ OJT အချိန်လည်းပါတဲ့အတွက် ဗဟုသုတလည်း ရပါတယ်။ High Speed Internet Connection ကိုလည်း ရတဲ့အတွက် ကိုယ်လိုချင်တဲ့ Website တွေ၊ အချက်အလက်တွေ ရှာလို့ရပါတယ်'' ဟု ပြောကြားသည်။

လားရှိုးမြို့မှ ပထမနှစ် ကျောင်းသား မောင်စိုင်းအောင်ဟိန်းကလည်း ကွန်ပျူတာပညာရှင် တစ်ယောက်အနေနဲ့ မိဘတွေကို အလုပ်အကျွေးပြုနိုင်ဖို့ ရည်ရွယ်ပါတယ်။ MCC မှာ သင်ကြားမှုပုံစံက One Laptop Per Student, Teaching with Projector, High Speed internet access, English (IELTS) ဖြစ်ပါတယ်။ OJT ကို လက်တွေ့ကိုယ်တိုင် လုပ်ရတာ အများကြီး တိုးတက်မှုရှိပါတယ်'' ဟု ပြောကြားသည်။

MCC Training Institute (Yatanarpon) မှ တာဝန်ခံ ဆရာများနှင့် သင်တန်းသား သင်တန်းသူများ အိုင်စီတီစကားဝိုင်း၌ ပါဝင် ဆွေးနွေး ပြောကြားကြစဉ်။ (သတင်းစဉ်)

MCC Training Institute (Yatanarpon) မှ ကျောင်းအုပ်ကြီး Mr. Chiris Harison အိုင်စီတီစကားဝိုင်း၌ ပါဝင်ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

အစီအစဉ်ရှိ

ပြင်ဦးလွင်မြို့မှ ပထမနှစ် ကျောင်းသား မောင်ရဲမွန်အောင်ကလည်း ''NCC (National Computer Centre) ကို ကိုယ့်နိုင်ငံအတွင်းမှာ သင်ကြားခွင့်ရတဲ့အတွက် အကျိုးရှိတယ်။ ဒီမှာ သင်ကြားပေးတဲ့ ဘာသာရပ်တွေကို ကောင်းကောင်း လိုက်နိုင်ပါတယ်။ ဒီကဘွဲ့ရပြီးရင် IT လုပ်ငန်းခွင်မှာ အလုပ်ဝင်မယ်။ Software Industries ကို အဓိက လုပ်ချင်တယ်။ ဘွဲ့ရပြီးရင်လည်း ဆက်လက်ပြီး ပညာသင်ကြားသွားဖို့ အစီအစဉ်ရှိပါတယ်''ဟု ပြောကြားသည်။

သုံးတတ်ကြ

MCC Training Institute (Yatanarpon) မှ Program Manager ဒေါ်အေးငြိမ်းသူကလည်း ''ဒီကို လာတက်တဲ့ ကျောင်းသားတွေက ၁၀တန်းအပြီးမှာ လာတာဆိုတော့ ကွန်ပျူတာအခြေခံ ပါတာလည်းရှိသလို မပါတာလည်းရှိတယ်။ အများအားဖြင့်တော့ သုံးတတ်ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပထမနှစ် လက်တွေ့ပိုင်းမှာ ကလပ်ကျူတာတွေနဲ့ တွဲလုပ်ရင်း ခြောက်လလောက်ဆိုရင် ကျွမ်းကျင်သွားကြပါတယ်'' ဟု ပြောကြားသွားသည်။

MCC Group မှ CEO ဦးငြိမ်းဦး အိုင်စီတီစကားဝိုင်း၌ ပါဝင်ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်

MCC Group မှ CEO ဦးငြိမ်းဦးကလည်း MCC Groupအနေနဲ့ ဒီရတနာပုံ နည်းပညာမြို့သစ်ကြီးမှာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ရတဲ့အတွက် အများကြီးဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုဆိုရင် MCC Group ကနေ ဖွင့်လှစ်ပေးတဲ့ MCC Training Institute (Yatanarpon) မှာ အင်္ဂလန်နိုင်ငံ University of Greenwish မှ ပေးအပ်ချီးမြှင့်မယ့် Bsc (Business IT) ဘွဲ့သင်တန်းကို ပထမနှစ်က စတင် သင်ကြားပေးနေခြင်းဖြစ်ပြီး ၂၀၀၉ခုနှစ် ဇွန်လ ၂၄ရက်နေ့မှာ ဖွင့်လှစ်ခဲ့ရာ လက်ရှိမှာ ကျောင်းသား ကျောင်းသူပေါင်း ၂၀၀ခန့် တက်ရောက်လျက်ရှိပါတယ်။ ဒီကျောင်းကြီးကနေ နောင် သုံးနှစ်ကြာ တဲ့အခါ နိုင်ငံတကာ အသိအမှတ်ပြု အိုင်တီဘွဲ့ရပြီးတော့ နိုင်ငံတကာ အိုင်တီလုပ်ငန်း အသီးသီးမှာ ဝင်ရောက်လုပ်ကိုင်နိုင်မယ့် အိုင်တီပညာရှင်တွေ ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ MCC Group အနေနဲ့ ရတနာပုံ နည်းပညာမြို့သစ်ကြီးမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြမယ့် အိုင်တီနဲ့ Telecommunication ဆိုင်ရာ လုပ်ငန်းကုမ္ပဏီကြီးအတွက် လိုအပ်တဲ့ အိုင်တီပညာရှင် ဝန်ထမ်းတွေကို အားဖြည့်ပေးနိုင်ဖို့လည်း ရည်ရွယ်ခြင်း ဖြစ်ပါတယ်'' ဟု ပြောကြားသည်။

တက်ရောက်ခွင့်ရမည်

MCC Training Institute (Yatanarpon) က ဖွင့်လှစ်သင်ကြားသည့် B.Sc (Hons) Degree ဘွဲ့ သင်တန်းသည် အင်္ဂလန်နိုင်ငံ အခြေ

MCC Training Institute (Yatana… အသိအမှတ်ပြု ကွန်ပျူတာသိပ္ပံဘွဲ့ သင်… သင်တန်းသူများ တက်ရောက်သင်ကြားနေမှုကို …

ယခုအခါ နိုင်ငံတော်အစိုးရက အိုင်တီနည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်ပေး။ ပြင်ဦးလွင်မြို့နယ်မှ ရတနာပုံနည်းပညာ မြို့သစ်ကြီးတွင် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ MCC Training Institute (Yatanarpon) သည်လည်း အိုင်တီပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ။

MRTV-4
ရုပ်မြင်သံကြား အစီအစဉ်

၁၆-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **ဘဝထဲကပဋ္ဌာန်း ပဋ္ဌာန်းထဲကဘဝ** တရားတော်(ဒုတိယပိုင်း) (ဆရာတော် အရှင်ပညာသီဟာ ဘိဝံသ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ပန်းချီပြခန်း (လရိပ်ပန်းပွင့် Art Exhibition)
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
- ၈း၃၀ Sports World (Nuts)
- ၈း၅၅ ကြည်နူးအခါခါ ပီတိဝေကာ လက်ဆယ်ဖြာ
- ၉း၁၅ Activities in the City (Flowers Special Education & Physiotherapy Centre ဖွင့်ပွဲ)
- ၉း၃၀ Global Ponorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၄၀ အရည်အသွေးတို့၏အစ ပထမ
- ၁၀း၅၅ သွားမယ်၊ စားမယ် (Chiangmai Village Restaurant)
- ၁၁း၂၀ ရွှေနန်းဆန်ဆန် ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
- ၁၁း၅၀ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၁း၅၅ နံနက်ခင်းအလှ
- ၁၁း၂၀ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
- ၁၂း၄၅ ပုံဖော်ထုဆစ်အနုလက်ရာ ကျောက်စိမ်းပန်းပုရုပ်အသွင်မှာ
- ၁း၀၀ **ဘဝထဲကပဋ္ဌာန်း ပဋ္ဌာန်းထဲကဘဝ** တရားတော် (ဒုတိယပိုင်း) (ဆရာတော် အရှင်ပညာသီဟာ ဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival Pop ကမ်းခြေ(၂)
- ၃း၃၀ ကလေးတို့သိသင့်တဲ့ သွားများအကြောင်းနှင့် သွားကျန်းမာရေး
- ၃း၄၅ ဂန္ထဝင်ဂီတဖျော်ဖြေပွဲ အကြိုလှုပ်ရှားမှုများ
- ၃း၅၅ Net Villa Internet Cafe' & Service ဆိုင်သစ်ဖွင့်ပွဲ
- ၄း၁၀ အရည်အသွေးတို့၏အစ ပထမ

16-1 (08-09).pmd 1 1/16/2010, 2:11 AM

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ရတဲ့အတွက် အများကြီးဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုဆိုရင် MCC Group ကနေ ဖွင့်လှစ်ပေးတဲ့ MCC Training Institute (Yatanarpon) မှာ အင်္ဂလန်နိုင်ငံ University of Greenwish မှ ပေးအပ်ချီးမြှင့်မယ့် Bsc (Business IT) ဘွဲ့သင်တန်းကို ပထမနှစ်က စတင် သင်ကြားပေးနေခြင်းဖြစ်ပြီး ၂၀၀၉ခုနှစ် ဇွန်လ ၂၄ရက်နေ့မှာ ဖွင့်လှစ်ခဲ့ရာ လက်ရှိမှာ ကျောင်းသားကျောင်းသူပေါင်း ၂၀၀ခန့် တက်ရောက်လျက်ရှိပါတယ်။ ဒီကျောင်းကြီးကနေ နောင် သုံးနှစ်ကြာ တဲ့အခါ နိုင်ငံတကာ အသိအမှတ်ပြု အိုင်တီဘွဲ့ရပြီးတော့ နိုင်ငံတကာ အိုင်တီလုပ်ငန်းအသီးသီးမှာ ဝင်ရောက်လုပ်ကိုင်နိုင်မယ့် အိုင်တီပညာရှင်တွေ ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ MCC Group အနေနဲ့ ရတနာပုံနည်းပညာမြို့သစ်ကြီးမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြမယ့် အိုင်တီနဲ့ Telecommunication ဆိုင်ရာ လုပ်ငန်းကုမ္ပဏီကြီးအတွက် လိုအပ်တဲ့ အိုင်တီပညာရှင် ဝန်ထမ်းတွေကို အားဖြည့်ပေးနိုင်ဖို့လည်း ရည်ရွယ်ခြင်း ဖြစ်ပါတယ်'' ဟု ပြောကြားသည်။

တက်ရောက်ခွင့်ရမည်

MCC Training Institute (Yatanarpon) က ဖွင့်လှစ်သင်ကြားသည့် B.Sc (Hons) Degree ဘွဲ့သင်တန်းသည် အင်္ဂလန်နိုင်ငံ အခြေစိုက် University of Green wish က ဘွဲ့ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး သုံးနှစ် တက်ရောက်ရမည်ဖြစ်သည်။ သင်တန်းတက်ရောက်ရန် တက္ကသိုလ်ဝင်တန်းအောင်မြင်ကြောင်း အထောက်အထားတစ်ခုသာ တင်ပြရန် လိုအပ်သည်။ သင်တန်းတက်ရောက်ရာတွင် ပထမနှစ်အဆင့်အတွက် IDCS Diploma ၊ ဒုတိယနှစ်အဆင့်အတွက် IDCAS Diploma နှင့် တတိယနှစ်အဆင့် (နောက်ဆုံးနှစ်) အတွက် B.Sc (Hons) Degree Course သင်တန်းများကို တက်ရောက်ရမည်ဖြစ်ပြီး နှစ်အလိုက် စာမေးပွဲ အောင်မြင်မှသာလျှင် နောက်တစ်ဆင့် သင်တန်းများကို ဆက်လက် တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အခြေခံအုတ်မြစ်ချမှတ်ပေး

ယခုအခါ နိုင်ငံတော်အစိုးရက အိုင်တီ နည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်ပေးလျက်ရှိသည်။ ပြင်ဦးလွင်မြို့နယ်မှ ရတနာပုံနည်းပညာမြို့သစ်ကြီးတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ MCC Training Institute (Yatanarpon) သည်လည်း အိုင်တီပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

MCC Training Institute (Yatanarpon) ၏ နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာသိပ္ပံဘွဲ့ သင်တန်း၌ သင်တန်းသား သင်တန်းသူများ တက်ရောက်သင်ကြားနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်-မန္တလေး အမှတ်(၂၅) အဆန်အမြန်ရထားတွင် လေအေးပေးစက်ပါတွဲဆိုင်းများဖြင့် အစားထိုး စတင်ချိတ်ဆက်ပြေးဆွဲ

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့ည ၉နာရီခွဲတွင် ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်၊ ဦးဖေသန်းတို့နှင့်အတူ နေပြည်တော်ဘူတာကြီး၌ စတင်ပြေးဆွဲသည့် နေပြည်တော်-မန္တလေး အမှတ် (၂၅) အဆန်အမြန်ရထားတွင် အစားထိုးပြေးဆွဲမည့် လေအေးစက်ပါ တွဲဆိုင်းကို ကြည့်ရှုစစ်ဆေး၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စတင်ပြေးဆွဲမည့် လေအေးစက်ပါ အမြန်ရထားဖြင့် စီးနင်းလိုက်ပါကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

အဆိုပါ ရထားတွဲဆိုင်း၌ အထက်တန်းတွဲ လေးတွဲနှင့် ရိုးရိုးတန်းတွဲ နှစ်တွဲပါရှိပြီး အထက်တန်းထိုင်ခုံ ၂၄ခုံနှင့် ရိုးရိုးတန်းထိုင်ခုံ ၁၂၀ပါရှိကာ တွဲများ၌ အလိုအလျောက် ဖွင့်ပိတ်သည့် တံခါးနှင့် ကြွေလက်ဆေးကန်များ၊ လေစုပ်ရေအိမ်စနစ်နှင့် ခေါက်စားပွဲငယ် တွဲလျက်ပါရှိသည့် ထိုင်ခုံ (Reclining Seat) တို့အပြင် တွဲအတွင်း၌ တပ်ဆင်ထားသော လျှပ်စစ်မီးချောင်းများကိုလည်း လိုအပ်သလို အလင်းတိုးချဲ့ခြင်း၊ လျှော့ချခြင်းတို့ ပြုလုပ်နိုင်သည်။

နှုတ်ဆက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လေအေးစက်ပါ တွဲဆိုင်းများဖြင့် စတင်ပြေးဆွဲသည့် နေပြည်တော်-မန္တလေး အမှတ်(၂၅) အဆန် အမြန်ရထား နေပြည်တော်ဘူတာကြီးမှ ထွက်ခွာသွားရာ လိုက်ပါသွားကြသည့် ခရီးသည်များအား လက်ပြနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်း နေပြည်တော်-မန္တလေး အမှတ်(၂၅) အဆန်အမြန်ရထားနှင့် မန္တလေး-နေပြည်တော် အမှတ် (၂၆) အစုန် အမြန်ရထားများကို ယခင်ခရီးစဉ် အချိန်များအတိုင်း ပုံမှန်ပြေးဆွဲမည်ဖြစ်ပြီး နေပြည်တော်တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သားနှင့် ကျောက်ဆည်ဘူတာတို့၌ ရပ်နားမည်ဖြစ်သည်။

ရထားစီးနင်းခ နှုန်းထားများကို အထက်တန်းထိုင်ခုံ ငွေကျပ် ၃၀၀၀ နှင့် ရိုးရိုးတန်းထိုင်ခုံ ငွေကျပ် ၁၂၀၀ သတ်မှတ်ထားကြောင်းနှင့် ရထားလက်မှတ်များကို နေပြည်တော်ဘူတာကြီး၊ နေပြည်တော် သပြေကုန်းဈေး၊ နေပြည်တော်ပျဉ်းမနားဘူတာ၊ မန္တလေးဘူတာကြီးနှင့် ရထားရပ်နားမည့်ဘူတာများရှိ လက်မှတ်အရောင်းဌာနများ၌ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာချိုဗြောင်ဂျေအား ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာပတ်ကေချူး၏နေရာတွင် မစ္စတာချိုဗြောင်ဂျေအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီ ဖြစ်သည်။

တာဝန်ထမ်းဆောင်ခဲ့

မစ္စတာချိုဗြောင်ဂျေသည် ၁၉၅၆ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် မွေးဖွားခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ၁၉၇၉ခုနှစ်တွင် ဆိုးလ်မြို့ အမျိုးသားတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၈၅ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဘရိုက်တန်စက်စ်ဆက်စ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ မစ္စတာချိုဗြောင်ဂျေသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသို့ ၁၉၈၁ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး အဆင့်အသီးသီးဖြင့် တာဝန်များ ထမ်းဆောင်ခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ရှိ ကိုရီးယားသမ္မတနိုင်ငံ သံရုံးများတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ ကိုရီးယားသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ဒုတိယကောင်စစ်ဝန်ချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန မြောက်အမေရိကရေးရာဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် စသည့် တာဝန်များကို အသီးသီး ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် စစ်ဘက်ရေးရာ တာဝန်ခွဲဝေရေး သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာချိုဗြောင်ဂျေသည် အိမ်ထောင်သည်ဖြစ်ပြီး သားနှစ်ဦးရှိသည်။

(သတင်းစဉ်)

အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀ ရန်ကုန် တပ်မတော်ခန်းမတွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

IEMS Company Limited သည် အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀ -HOUSING & BUILDING 2010 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခင်းကျင်းပြသမည်

ပြပွဲတွင် TMW Enterprise မှ Inax ကြွေပြား၊ ကျောက်ပြားများ၊ Sanyo မှ Sosuco ကြွေပြားများ၊ Champion Construction Material မှအိမ်ခန်းသုံးပစ္စည်းများနှင့် အလှဆင်ပစ္စည်းများ၊ Pyae Sone Win Naing Co.,Ltd.မှ Sakura, Orchid, Panasonic အမှတ်တံဆိပ် အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်းများ၊ Regency မှ Midea Lighting အလှဆင်မီးသီးနှင့် မီးဆိုင်းများ၊ Asia Metal Co.,Ltd. မှ ဆောက်လုပ်ရေးသုံး Metal နှင့် Metal Structure များ၊ Naing Construction ၊ Shine Construction၊ Aurora Group Construction နှင့် Opal Construction မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ရာပုံစံနှင့် အရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင် လုပ်ငန်းများ၊ TWJS Co.,Ltd. (Hometex) ၊ Sea Masterနှင့် Nippon Paint မှ အရည်အသွေးမြင့် အိမ်သုတ်ဆေးများ၊ Golden Hook Co.,Ltd. မှ izen တံဆိပ်အဆင့်မြင့် အီလက်ထရွန်နစ်စနစ်သုံး ဘိုထိုင်ခုံများ၊ Universal Furniture၊ Coffer Manufacturing နှင့် PW & GG JV Co.,Ltd. မှ ခေတ်မီဆန်းသစ်သော ပရိဘောဂများ၊ Asterism International မှ ဆောက်လုပ်ရေးပစ္စည်းများနှင့် အိမ်ရာပုံစံငယ်များ၊ အိမ်ရာအရောင်းပြခန်းများ၊ ဆင်ပေါက်ဆောက်လုပ်ရေးမှ ခေတ်မီကြမ်းခင်းစနစ်နှင့် ကြမ်းခင်းသုံး အလှဆင်ပစ္စည်းများ၊ D & D Co.,Ltd. မှ Interior Decoration ပြခန်းများ၊ 133 မှ အီလက်ထရွန်နစ်စနစ် အဆင့်မြင့် အိမ်ခန်းသုံး တံခါးများ၊ Aluminium Empire မှ ပထမဆုံးပိသာချိန်ဖြင့် ရောင်းချမည့် Aluminium Composite Panel များ၊ Ever Seiko မှ ရေချိုးခန်းသုံး Stieble Eltron အမှတ်တံဆိပ် အဆင့်မြင့် ရေပူ၊ ရေအေးစက်ပစ္စည်းများ၊ Midea အမှတ်တံဆိပ် Induction Cooker များ၊ Three Friend Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် ခြင်ဖမ်းစက်များ၊ GSR Stainless Steel မှ Stainless Steel သုံး ခေတ်မီအဆင့်မြင့် ဒီဇိုင်းဆန်း ပစ္စည်းများ၊ Allways Hardware Mart မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးနှင့် အိမ်တွင်းအလှဆင် ပစ္စည်းများ၊ SP Group မှ Pure Air တံဆိပ်အဆင့်မြင့် Automatic Air Fresher များ၊ Tharaphee မှ ကိုရီးယား Laminate Floor များကို ခင်းကျင်းပြသမည် ဖြစ်သည်။

ပြပွဲတွင် Spanky Music Production MD မျိုးမျိုး (G.R) နှင့် တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် IEMS Company အနေဖြင့် နေ့စဉ် ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၈-၃၁၆၂၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ဇန်နဝါရီ ၃၁ ရက်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင် ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော MFRS for SMEs (Part-II) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေး ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ သင်တန်းသားများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

၁၁:၅၅	နံနက်ခင်းအလှ
၁၁:၂၀	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၁၂:၄၅	ပုံဖော်ထုဆစ်အနုလက်ရာ ကျောက်စိမ်းပန်းပုရုပ်အသွင်မှာ
၁:၀၀	**ဘဝထဲကပဋ္ဌာန်း ပဋ္ဌာန်းထဲကဘဝ** တရားတော် (ဒုတိယပိုင်း) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival Pop ကမ်းခြေ(၂)
၃:၃၀	ကလေးတို့သိသင့်တဲ့ သွားများအကြောင်းနှင့် သွားကျန်းမာရေး
၃:၄၅	ဂန္တဝင်ဂီတဖျော်ဖြေပွဲ အကြိုလှုပ်ရှားမှုများ
၃:၅၅	Net Villa Internet Cafe' & Service ဆိုင်သစ်ဖွင့်ပွဲ
၄:၁၀	အရည်အသွေးတို့၏အစ ပထမ
၄:၂၀	Activities in the City (Flowers Special Education & Physiotherapy Centre ဖွင့်ပွဲ)
၄:၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
၅:၀၅	ကြည်နူးအခါခါပီတိဝေကာ လက်ဆယ်ဖြာ
၅:၃၀	MRTV -4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV -4 သတင်း
၆:၂၀	သွားမယ်၊ စားမယ် (Chiangmai Village Restaurant)
၆:၄၀	Shooting Making **(မာယာနှုတ်ခမ်းအမုန်းအသချော်)**
၇:၀၅	Fashion Music Festival Pop ကမ်းခြေ(၂)
၇:၄၀	အင်တာနက်လမ်းညွှန် (Net Villa Internet Cafe')
၈:၀၀	MRTV-4 သတင်း
၈:၃၀	ပန်းချီပြခန်း(လရိပ်ပန်းပွင့် Art Exhibition)
၈:၅၅	လေလှိုင်းမှဖြေကြားပရိသတ်များ အမေးစကား
၉:၀၅	Shooting Making **(မာယာနှုတ်ခမ်းအမုန်းအသချော်)**
၉:၂၅	Barclays Premier Leauge (Man Utd Vs Burnley)
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၁:၅၅	Barclays Premier League (Everton Vs Man City)
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Stoke City-Liverpool	ESPN(Live)
၉:၂၅	Man U-Burnley	ESPN(Live)
	Chelsea-Sunderland	STAR SPORTS (Live)
၁၁:၃၀	Tottenham-Hull City	STAR SPORTS (SDD)
၁၁:၅၅	Everton - Man City	ESPN(Live)

နားကြောင့် မူးမိုက်ခြင်းရောဂါ

နားသည် သောတအကြားအာရုံအတွက်သာမက ကိုယ်ခန္ဓာ၏ ဟန်ချက်ဇီဝကမ္မလုပ်ငန်းများတွင် မျက်စိ၊ ဦးနှောက်နှင့် အရိုးအဆစ် အကြောများအတွင်းရှိ လှုပ်ရှားမှုများကို အထူးသိသော အာရုံခံကလာပ်စည်း (PROPIOCEPTORS)များနှင့်အတူ ပါဝင်စွမ်းဆောင်ပါသည်။ မျက်စိမှိတ်၍ ထိုင်နေသော်လည်း မော်တော်ကား ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်း၊ ဘယ်ညာကွေ့ခြင်းတို့ကို သိနေသည်မှာ နားအတွင်းရှိ ဟန်ချက်အင်္ဂါများ (BALANCE ORGANS)၏ လုပ်ငန်းပုံမှန်ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် နက်သောရေအောက်၊ မြေအောက်တွင် ရောက်နေသူများနှင့် ဝေဟင်ထဲတွင်လည်းကောင်း၊ အာကာသထဲတွင်လည်းကောင်း သွားလာလှုပ်ရှားနေကြသူများ၏ ခေါင်း၊ ကိုယ်နှင့် ပတ်ဝန်းကျင်အနေအထား (ORIENTATION IN SPACE) အကြောင်း သိနိုင်ခြင်းမှာလည်း နားတွင်းရှိ ဟန်ချက်အင်္ဂါများ၏ လုပ်ငန်းများကြောင့်ပင် ဖြစ်သည်။

ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းတွင် ခရီးသွားနေမကျ၍ ခေါင်းမူးပြီး အန်တတ်ခြင်းမှာ ဟန်ချက်အင်္ဂါများ၏ ဦးနှောက်တွင်း ပုံမှန်ဇီဝကမ္မလုပ်ငန်းများနှင့် ခရီးသွားများ စိမ်းနေသေး၍ ဖြစ်သည်။ ထို့ကြောင့် အာကာသခရီးသွားကြမည့်သူများသည် ရွေ့လျားခြင်းကြောင့် ဖြစ်ပေါ်လာမည့် အမူးဒဏ်ကို ခံနိုင်ရန် ရက်အတော်ကြာ လေ့ကျင့်ခန်းယူကြရပါသည်။ အိပ်ပျော်နေစဉ် လျှောင်လှုပ်ခြင်းကိုသိ၍ အလွှာထပ်တိုက်ခန်းများပေါ်မှ ဘေးကင်းရာသို့ အချိန်မီ အမြန်ပြေးဆင်းနိုင်ခဲ့ကြသည်မှာလည်း နားဟန်ချက်အင်္ဂါတို့၏ ကျေးဇူးမကင်းပေ။ သို့ရာတွင် ခရီးလည်းမသွား၊ လျှောင်လည်းမလှုပ်၊ ထိုင်နေစဉ်မှာပင် လှည့်ကြည့်မိ၍လည်းကောင်း၊ အိပ်ရာထဲ၌ တစ်ဖက်သို့ စောင်းမိ၍လည်းကောင်း၊ ရပ်နေစဉ် အပေါ်သို့ မော့ကြည့်မိ၍လည်းကောင်း ခေတ္တခဏ မူးမိုက်သွားပါက ခံစားရသူများသည် စိုးရိမ်ပူပန်သွားလေ့ရှိပါသည်။ အိပ်ပျော်နေစဉ် အစားမမှားဘဲ လည်မူးပြီး ပျို့အန်ခြင်းများဖြစ်ပါက အလွန်ကြောက်လန့်သွားတတ်ပါသည်။

လည်မူးမူးခြင်း၊ မူးမိုက်ခြင်း (VERTIGO) ရောဂါဝေဒနာရှိသူများကို တော်ရုံတန်ရုံ အမူးပျောက်ဆေးများပေး၍ မပျောက်လျှင်၊ သို့မဟုတ် ပြန်ဖြစ်ခဲ့လျှင် နားကြောင့်ဖြစ်နိုင်သလားဟု ယူဆကာ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များထံသို့ လွှဲပေးကြသည်မှာ အပြည်ပြည်ဆိုင်ရာ ဆရာဝန်များ၏ ပုံမှန်အလေ့အကျင့်ပင် ဖြစ်ပါသည်။ အထွေထွေရောဂါကု ဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များသည် ခေါင်းမူးခြင်းမျိုးစုံဖြင့်လာသော အတွင်းလူနာ၊ အပြင်လူနာများကို ဆေးရုံ၌ရှိသည့်ကိရိယာများသုံးကာ နားကြောင့် မူးမိုက်ခြင်း ဟုတ်မဟုတ် ခွဲခြားရောဂါရှာဖွေကြရာတွင် ၇၀ရာခိုင်နှုန်းကို လွယ်ကူစွာ ဖြေရှင်းနိုင်ကြပါသည်။ ကျန်ရှိသော လူနာများကိုမူ အချိန်ယူပြီး ပိုမိုစမ်းသပ်စစ်ဆေးပြီးမှသာ ဖြေရှင်းနိုင်လေ့ရှိပါသည်။ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများကိုသာ သီးသန့်ကုသသော ဆေးရုံကြီးများတွင် ယင်းလူနာများအတွက် မူးမိုက်ခြင်းကုသဆေးခန်း (VERTIGO CLINIC) ဖွင့်လှစ်ထားပြီး နားအတွက် စမ်းသပ်မှုမျိုးစုံအပြင် ကုသခြင်းနှင့် ခန္ဓာကိုယ်ဟန်ချက် ပြန်လည်လေ့ကျင့်ခြင်းများကိုပါ အတွေ့အကြုံများသော ကျွမ်းကျင်သူများဖြင့် စနစ်တကျ လေ့ကျင့်ပေးလေ့ရှိပါသည်။

နားတွင်းရှိ ဟန်ချက်အင်္ဂါတွင် အလည်ရွေ့လျားမှု (CIRCULAR MOTION)ကိုသိရန်အတွက် သေးငယ်သော စက်ဝိုင်းခြမ်းပုံသဏ္ဍာန် ပြွန်သုံးခု (SEMICIRCULAR CANALS)ဖြင့် ဖွဲ့စည်းထားပါသည်။ ယင်းပြွန်များထဲတွင် နားတွင်းအရည် (ENDOLYMPH)ရှိပြီး ဦးခေါင်းလှည့်လည်ခြင်းကြောင့် အရည်ရွေ့လျားမှုကိုသိရန် ကျောက်ကျောအသွင်ရှိ ဟန်ချက်ကလာပ်စည်းက ပြုလုပ်ပေးပါသည်။ အိတ်ပုံသဏ္ဍာန်ရှိသော အရိုးအိမ် (UTRICAL AND SACCULE)ထဲရှိ ထုံးကျောက်တုံးများဖြင့် ဖွဲ့စည်းထားသည့် နားကျောက်အင်္ဂါ (OTOLITH ORGAN)က အထက်အောက်၊ ရှေ့နောက်ပြင်ညီ ရွေ့လျားမှု (LINEAR MOTION)ကို သိရန်အတွက် ဆောင်ရွက်နေပါသည်။ ယင်းသည်လည်း နားတွင်းအရည်ထဲတွင်ရှိပြီး စက်ဝိုင်းခြမ်းပုံသဏ္ဍာန် ပြွန်သုံးခုနှင့် နီးကပ်ဆက်စပ်နေပါသည်။ မည်သူမဆို အသက်သုံးဆယ်ကျော်ခန့်တွင် အကြောင်းကြောင်းကြောင့် နားကျောက်အင်္ဂါမှ ထုံးကျောက်တုံးလေးများ လွင့်စဉ်ပြီး စက်ဝိုင်းခြမ်းသဏ္ဍာန် ပြွန်များထဲသို့ ဝင်ရောက်နိုင်ပါသည်။ ထိုအခါ ဦးခေါင်းအနည်းငယ် လှည့်စောင်းရုံမျှဖြင့် ခေတ္တခဏ မူးမိုက်ခြင်း (BENIGN POSITIONAL VERTIGO) ဖြစ်နိုင်ပါသည်။ ထို့အပြင် ဟန်ချက်အင်္ဂါများနှင့် အကြားအာရုံကလာပ်စည်းများရှိရာ ခရုအိမ် (COCHLEA) သည် နီးကပ်ဆက်စပ်နေပြီး နားတွင်းအရည်သည်လည်း ယင်းနှစ်ခုတို့အတွင်း လှည့်လည်လှုပ်ရှားနေပါသည်။ အကြောင်းကြောင်းကြောင့် လူနာတစ်ဦး၏ နားတွင်းအရည်များ ပိုမိုများပြားခြင်းဖြစ်ပါက ခေါင်းလည်မူး မူးပြီး နားလေး၊ နားပိတ် နားအူဖြစ်နိုင်ပါသည်။

တချို့လူနာများတွင် တခြားသော အမူးရောဂါများ ရှိနေတတ်ပြီး မူးပုံမှာ တစ်မူထူးခြားကာ ကြောက်ခြင်း၊ အစွဲအလမ်းကြီးခြင်းစသော စိတ်ပိုင်းဆိုင်ရာ ပြဿနာများ ပါဝင်နေသည်ကို တွေ့ရတတ်ပါသည်။ ၁၉၈၀ခုနှစ် နှစ်စတွင် ရန်ကုန်မြို့ရှိ မိတ်ဆွေတစ်ဦး ခေါင်းလည်မူး မူးပြီး အိပ်ရာမှ မထနိုင်၍ အိမ်၌ သွားကြည့်ရပါသည်။ လူနာမှာ အသက် ၄၀အရွယ် အမျိုးသား အထက်တန်းရှေ့နေတစ်ဦးဖြစ်ပါသည်။ နှာစေးချောင်းဆိုး စဖြစ်ပြီးနောက် ခေါင်းလည်မူး မူးပြီး အန်ပါသည်။ အိပ်ရာမှထရန် ကြိုးစားတိုင်းလည်း မူးသဖြင့် မထတော့ပါ။ လူနာသည် ခုတင်ပေါ်တွင် မအိပ်တော့ဘဲ ဧည့်ခန်းကြမ်းပြင်ပေါ်တွင် မွေ့ရာပါးပါးခင်းကာ ပက်လက်အိပ်နေပါသည်။ ဆေးများကြောင့် မအန်တော့သော်လည်း ခေါင်းထောင်ရမှာ ကြောက်လန့်နေ၍ အိပ်ရာထဲမှာပင် စားခြင်း၊ စွန့်ခြင်း၊ သန့်စင်ခြင်း ကိစ္စများကို ရှင်းနေသည်မှာ တစ်ပတ်ရှိပြီဟု ဇနီးသည်က ပြောပါသည်။ ပါလာသည့် ကိရိယာများဖြင့် စမ်းသပ်ကြည့်သောအခါ အားလုံးပုံမှန်သာ ဖြစ်ပါသည်။ လူနာသည် လည်မူးရောဂါ သက်သာနေသော်လည်း ပြန်မူးမှာကိုစိုးရိမ်ပြီး အကြောက်လွန်နေပုံရှိပါသည်။ ဇနီးသည်၏ အကူအညီဖြင့် လူနာကိုထူပြီး ထိုင်စေပါသည်။ လုံးဝမမူးပါ။ အိမ်သားများ အကူအညီဖြင့် လူနာကို ထိုင်ရာမှ ထစေပါသည်။ လုံးဝမမူးပါ။ အိပ်နေစဉ်၊ ထိုင်နေစဉ်၊ ထရပ်နေစဉ် လူနာ၏ သွေးပေါင်ချိန်မှာ အတူတူပင် ဖြစ်နေပါသည်။ ၄င်းနောက် လူတွဲ၍ လူနာကို လမ်းလျှောက်ခိုင်းရာတွင် မမူးပါ။ တစ်ယောက်ထဲ စမ်းလျှောက်ခိုင်းရာတွင်လည်း မမူးပါ။ မမူးတော့ဘူး၊ ကောင်းသွားပါပြီဟု ပြောသည့်အခါ လူသုံးယောက်ထံမှ သက်ပြင်းရှည်ရှည်ချသံကို ကြားလိုက်ရပါသည်။

အစားအသောက်၊ အနေအထိုင် ပြုပြင်ခြင်းကြောင့် ခေါင်းလည်မူးခြင်းရောဂါမှ ပျောက်ကင်းသွားကြသော လူနာများအကြောင်း တင်ပြလိုပါသည်။ မလေးရှားနိုင်ငံတွင် အလုပ်လုပ်စဉ်က ဖြစ်ပါသည်။ ၂၀၀၄ခုနှစ် မေလတွင် အသက်၄၀အရွယ် တရုတ်အမျိုးသမီးတစ်ဦးကို ဦးခေါင်းလည်ပြီး မူးသောကြောင့် ကျန်းမာရေးဆေးခန်းမှ လွှဲလာပါသည်။ ဖေဖော်ဝါရီလ တရုတ်နှစ်သစ်ကူး ဒုတိယနေ့တွင် တစ်ကြိမ်၊ ဧပြီလ ပထမပတ်တွင် တစ်ကြိမ် ညအိပ်ပျော်နေစဉ် လည်မူးပြီးအန်ကြောင်း လွှဲစာတွင် ဖော်ပြထားပါသည်။ လူနာသည် အိမ်ထောင်ရှိပြီး ရှစ်နှစ်အရွယ် သားတစ်ယောက် ရှိပါသည်။ ကိုယ်ဝန်ဆောင်စဉ်အတွင်း အန်ခြင်း၊ ခရီးသွားစဉ် မူးခြင်းများမရှိဟု ဆိုပါသည်။ စစ်ဆေးကြည့်ရာ၌ သွေးနည်းနည်းတိုးနေပြီး ကိုယ်အလေးချိန် ၁၀ကီလို (၂၂ပေါင်) များနေပါသည်။ လူနာသည် ယောက်ျားနှင့်အတူနေပြီး ခင်ပွန်းဖြစ်သူမှာ အခြားနိုင်ငံတစ်ခု၌ အလုပ်သွားလုပ်နေသောကြောင့် အိမ်သားသုံးယောက်အတွက်သာ စားသောက်ဖို့ ပြင်ဆင်ရကြောင်း၊ ဈေးဝယ်ခြင်းနှင့် ချက်ပြုတ်ခြင်းကို ယောက္ခမက ဆောင်ရွက်ပြီး

ဒေါက်တာအောင်ကျော်သန်း
(နား၊ နှာခေါင်း၊ လည်ချောင်း)

သူက အိမ်သန့်ရှင်းခြင်းနှင့် ကလေး၏ ကိစ္စအဝဝကို ဆောင်ရွက်ကြောင်း၊ အားသည့်အချိန်များတွင် ရုပ်မြင်သံကြားနှင့် အခွေများမှ ဇာတ်လမ်းတွဲများကို ကြည့်ကြောင်း၊ ရုပ်မြင်သံကြားကြည့်ချိန် တစ်နေ့လျှင် လေးနာရီမှ ရှစ်နာရီခန့်ရှိကြောင်း၊ အိမ်သားသုံးယောက်စားရန် တစ်လလျှင် ဆား ၈ဂရမ်၅၀၀၊ အချိုမှုန့် အထုပ်ကြီးတစ်ထုပ်၊ ငံပြာရည်ပုလင်းကြီး တစ်ပုလင်းကုန်ကြောင်း၊ မိသားစုအားလုံး ရေသောက်ခြင်းနည်းပြီး အချိုရည်ကိုသာ ပုံမှန်သောက်ကြကြောင်း၊ မိုးများသောနေ့များနှင့် မအားသောနေ့များတွင် စည်သွတ်ဘူးများကို သုံးကြောင်း ပြောပြပါသည်။ ယောက္ခမဖြစ်သူသည်လည်း သွေးတိုးနှင့် နှလုံးရောဂါအတွက် ဆေးသောက်နေရပြီး ယခင်နှစ်က လေဖြတ်သလိုဖြစ်၍ ဆေးရုံတက်ရကြောင်း သိရပါသည်။ လူနာများကို စစ်ဆေးသည့်အခါ ချို့ယွင်းချက်မရှိပါ။ စကားပြောသံကို ကောင်းကောင်းကြားရပြီး ခက်ရင်းခွဖြင့် စမ်းသပ်ရာ၌လည်း ပုံမှန်ဖြစ်နေပါသည်။ နားကြားမှုကို စက်ဖြင့်စမ်းသပ်ရာတွင် နားနှစ်ဖက်လုံး အသံနိမ့်ပိုင်းတွင် အနည်းငယ် နားလေးနေသည်ကို တွေ့ရပါသည်။ ယင်းလူနာ၏ စားသောက်နေထိုင်ပုံနှင့် နားစမ်းသပ်မှုမှ တွေ့ရှိချက်များကို ဆန်းစစ်ကြည့်ရာတွင် ဆားနှင့်အချိုမှုန့်ကို စားသုံးမှုများလွန်း၍ နားတွင်း အရည်ဖြစ်မှုများပြားခြင်းရောဂါ (ENDOLYMPH HYDROPS) ဖြစ်နေကြောင်း တွေ့ရပါသည်။

လူတစ်ဦးအတွက် နေ့စဉ်ပုံမှန်ဆားလိုအပ်မှုမှာ ၃ဂရမ်သာဖြစ်၍ သုံးဦးအတွက် ၁၀ဂရမ် (လက်ဖက်ရည်ဇွန်း နှစ်ဇွန်း)သုံးလျှင် လုံလောက်ကြောင်း၊ အချိုမှုန့်၏ လိုအပ်ချက်ကို သုတေသီများ တရားဝင်ကြေညာထားခြင်း မရှိသေးသော်လည်း ဆားကဲ့သို့ပင် အသုံးများလျှင် ဘေးဖြစ်စေတတ်သောကြောင့် တစ်လလျှင် တစ်ကီလိုအလေးချိန်ရှိသော အချိုမှုန့်သုံးစွဲခြင်းသည် အလွန်များနေကြောင်း၊ စည်သွတ်ဘူး၊ ငံပြာရည်နှင့် ပဲငံပြာရည်အချိုတွင်လည်း ဆားနှင့် အချိုမှုန့်များ ပါဝင်ကြောင်း၊ အချိုရည်တွင်လည်း စားဆိုဒါများပါဝင်ကြောင်း၊ သူနှင့် သူ့ယောက္ခမတို့မှာ ကံကောင်း၍သာ အသက်ရှင်နေကြကြောင်း ရှင်းပြခဲ့ပါသည်။ နားရောဂါအတွက် ဆေးများညွှန်ကြားပေးပြီး ရုပ်မြင်သံကြားကြည့်ချိန်ကို လျှော့ရန်၊ အားကစားလုပ်ရန်၊ ဆားနှင့် အချိုမှုန့်များကို အထူးလျှော့စားပြီး အချိုရည်အစားရေကိုသာသောက်ရန် ညွှန်ကြားလိုက်ပါသည်။ တစ်လကြာ၍ ပြန်ကြည့်စဉ် စက်ဖြင့် နားစမ်းမှု မထူးခြားပါ။ ကိုယ်အလေးချိန်လည်း မလျော့၊ သွေးတိုးလည်း ရှိနေပါသေးသည်။ လည်မူးခြင်းမဖြစ်တော့၍ အမူးပျောက်ဆေးကို ဖြတ်လိုက်ပြီး ကျန်းမာရေးလေ့ကျင့်ခန်း ပိုလုပ်ရန်၊ အဆီ၊ အဆိမ့်၊ အကြော်များ ရှောင်ရန်၊ ရေများများသောက်ရန် ထပ်ညွှန်ကြားလိုက်ပါသည်။ သုံးလကြာ ပြန်ကြည့်ချိန်၌ အလေးချိန် ၃ကီလို (၆ပေါင်)ကျသွားပြီး သွေးတိုးလည်း မရှိတော့ပါ။ လည်မူးခြင်း ပြန်မဖြစ်တော့ဘဲ စက်ဖြင့် နားစစ်ဆေးရာတွင်လည်း ပုံမှန်နီးပါး ကောင်းလာပါပြီ။ အိမ်အနီးရှိ အေရိုးဗစ်အားကစားအသင်းတွင် တစ်ပတ်သုံးကြိမ် သွားလေ့ကျင့်ကြောင်း၊ လမ်းလည်းလျှောက်သည့်အပြင် အိမ်တွင်း၌ လေ့ကျင့်ခန်း စက်ဘီးစီးရင်း ရုပ်မြင်သံကြားကြည့်ကြောင်း၊ အိမ်မှုကိစ္စနှင့် ချက်ပြုတ်ခြင်းမှ ယောက္ခမကို အနားပေးလိုက်ပြီး ကိုယ်တိုင်စီမံနေကြောင်း၊ ဆားလျှော့သုံးဖြစ်သော်လည်း အချိုမှုန့်လျှော့သုံးရန် အခက်အခဲရှိကြောင်း လူနာက ပြောပြပါသည်။ တစ်နှစ်ကြာ၍ ပြန်ကြည့်သည့်အခါ ကိုယ်အလေးချိန် ၂ကီလို ထပ်ကျသွားပြီး လည်မူးခြင်းမရှိတော့ပါ။ နားစမ်းသပ်ရာ၌ ပုံမှန်ဖြစ်သွားပြီး သွေးတိုးလည်းမရှိတော့ပါ။ အချိုမှုန့် သုံးစွဲမှုနည်းသွားပြီး အထုပ်သေးတစ်ထုပ်ကို နှစ်လခန့် သုံးစွဲနေကြောင်း ပြောပြပါသည်။

နောက်လူနာတစ်ဦးမှာ အသက် ၅၀ခန့်ရှိ တရုတ်အမျိုးသား စီးပွားရေးသမားပါ။ Mr. Wဟု ခေါ်ကြပါစို့။ ခေါင်းမကြာခဏမူးတတ်ပြီး နားတစ်ဖက်လေးနေသည်မှာ သုံးလခန့်ရှိနေ၍ ကျန်းမာရေးဆေးခန်းမှ လွှဲလာပါသည်။ သွေးတိုးနှင့် သွေးတွင်းအဆီအတွက် သုံးစွဲနေသော ဆေးများကို လွှဲစာတွင် ဖော်ပြထားပါသည်။ စီးပွားရေးကိစ္စများအတွက် မကြာခဏ ခရီးတို၊ ခရီးရှည်များထွက်ပြီး အပြင်စာများသာ စားလေ့ရှိကြောင်း သိပါသည်။ ခေါင်းမူးသောအခါ မိုက်ခနဲမူးတာများပြီး ချွေးအလွန်ထွက်သဖြင့် ကြောက်လန့်ကြောင်း၊ လည်မူးခြင်းရှိမရှိ မသေချာကြောင်း၊ ခရီးသွားစဉ် မူးလေ့မရှိကြောင်း၊ အိမ်၌ စားသောက်သည့်အခါ ဆီးချိုနှင့် သွေးတိုးရောဂါရှိသောဇနီးက စီမံချက်ပြုတ်သောကြောင့် အရသာ သိပ်မတွေ့ကြောင်း ပြောပြပါသည်။ လွန်ခဲ့သော သုံးလက တုပ်ကွေးသဘောမျိုး ဖြစ်ခဲ့ပြီးနောက် ဘယ်ဘက်နား လေးသွားကြောင်း ပြောပြပါသည်။ စမ်းသပ်ရာတွင် ကိုယ်အလေးချိန် ၁၅ကီလို (ပေါင် ၃၀)များနေပြီး ဗိုက်ရွှဲ၊ လည်ပင်းတုတ် နေပါသည်။ သုံးစွဲနေသော ဆေးများကြောင့် နောက်ဆုံးစစ်ထားသော သွေးအတွင်းအဆီ၏အဖြေမှာ ပုံမှန်ဖြစ်ပြီး သွေးမတိုးပါ၊ နားစမ်းသပ်ရာတွင် အမှားအယွင်းမတွေ့ပါ။ စက်ဖြင့်နားလေးမှု စမ်းသပ်သည့်အခါ ဘယ်ဘက်နားသည် ၆၀ရာခိုင်နှုန်းခန့် နားလေးနေပြီး ညာဘက်နားမှာ ပုံမှန်ကြားနေပါသည်။ ဘယ်ဘက်နားမှာ အာရုံကြောကြောင့် နားလေးခြင်း (SENSORINEURAL HEARING LOSS) ဖြစ်နေပါသည်။ ထိုသို့ နားတစ်ဖက်လေးရခြင်းအကြောင်းကို ရှာဖွေရန် စီတီဓာတ်မှန် (CT SCAN) လိုအပ်သဖြင့် ဆေးရုံရှိ ဓာတ်မှန်ဌာနတွင် ရက်ချိန်းတောင်းလိုက်ပါသည်။ အရေးကြီးလူနာ မဟုတ်သည့်အတွက် နှစ်လကြာ ချိန်းပါသည်။

စီတီဓာတ်မှန်အဖြေရသည်အထိ စောင့်နေစဉ် အပြင်မှ အစားအစာများသည် အချိုမှုန့်နှင့် ဆီကို ခပ်များများသုံးကာ အရသာရှိအောင် စီစဉ်ထားကြသည့် အစာများဖြစ်၍ ရှောင်သင့်ကြောင်း၊ မစားမဖြစ်စားရပါက အကြော်များကို ရှောင်ပြီး အပြုတ်များကို အရည်မသောက်ဘဲ စားရန်၊ အသီးအရွက်များကို ခပ်များများစားရန်၊ မအားသည့်ကြားက တတ်နိုင်သမျှ လမ်းလျှောက်ရန်နှင့် လိုအပ်လျှင် အမူးပြေဆေးသောက်ရန် အကြံပေးလိုက်ပါသည်။ နားအာရုံကြောအတွက် ဗီတာမင်ဆေးကို နေ့စဉ်သောက်ရန် ညွှန်လိုက်ပါသည်။ နှစ်လအကြာ Mr.Wသည် စီတီဓာတ်မှန်လုပ်ရန် ငြင်းဆိုနေကြောင်း ဓာတ်မှန်ဌာနမှ သတင်းပို့သဖြင့် စုံစမ်းရာ လူနာသည် အခန်းကျဉ်းကျဉ်း၊ နေရာကျဉ်းကျဉ်းထဲ နေရမှာကြောက်ခြင်း (CLAUSTROPHOBIA) ရောဂါရှိသူဖြစ်ကြောင်း သိရပါသည်။ နားတစ်ဖက် လေးခြင်းနှင့် မူးခြင်းကို စီတီဓာတ်မှန်မသုံးဘဲ ဖြေရှင်းရန်အတွက် ရေပူ၊ ရေအေး နားတွင်းသို့ထည့်၍ စမ်းသပ်ခြင်း (CALORIC TEST) ရှိသေးကြောင်း ရှင်းပြပါသည်။ သဘောတူ၍ စမ်းသပ်သောအခါ တစ်မိနစ်အကြာတွင် တရိပ်ရိပ်နှင့်လည်ပြီး မူးပါသည်။ သူအရင်တုန်းကမူးတာနှင့် ယခုခံစားရတာ လုံးဝမတူကြောင်းပြောပြီး ကြောက်လန့်စွာဖြင့် စမ်းသပ်ခုံကို အတင်းဆုပ်ကိုင်ထားပါသည်။ နှစ်မိနစ်ခွဲအကြာတွင် အမူးပျောက်သွား၍ နားကြောင့် မူးခြင်းမဟုတ်ဘဲ ပုံမှန်သာဖြစ်ကြောင်း၊ နားလေးသွားခြင်းမှာ တုပ်ကွေးဗိုင်းရပ်စ်က ဒုက္ခပေးခဲ့တာဖြစ်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။ သုံးလကြာ၍ ပြန်ကြည့်သည့်အခါ နားလေးတာ မသက်သာသေးပါ၊ ကိုယ်အလေးချိန် ၄ကီလို (၈ ဒသမ ၈ ပေါင်ခန့်) ကျသွားပါသည်။ နားအာရုံကြောဆေးကို ဖြတ်လိုက်ပြီး အစားလျှော့စားရန်၊ အပြင်စာများကို ရှောင်ပြီး အိမ်မှအစာကို များများစားရန်၊ တတ်နိုင်သမျှ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ရန်တို့ကို ညွှန်ကြားပါသည်။ တစ်နှစ်ကြာ ပြန်စစ်သည့်အခါ၌ နားလေးတာ ၂၀ရာခိုင်နှုန်းခန့် သက်သာသွားပါသည်။ ကိုယ်အလေးချိန် ၅ကီလို (၁၁ ပေါင်)သာ ပိုပါတော့သည်။ သွေးတိုးနှင့် သွေးတွင်းအဆီများ ပုံမှန်ဖြစ်သွား၍ ကျန်းမာရေးဆေးခန်းမှ ဆေးဖြတ်ထားပါသည်။ လက်ထောက်များရှိလာ၍ စီးပွားရေးအတွက် ခရီးထွက်ရခြင်း နည်းသွားသောကြောင့် အိမ်စာကိုသာ စားနေကြောင်း၊ တစ်နေ့လျှင် နှစ်ကြိမ် ခြေလှမ်းပေါင်း ငါးထောင်ခန့် လျှောက်နေကြောင်း သိရပါသည်။

အထက်ပါလူနာများ၏ ရောဂါရာဇဝင်နှင့် ကုသရေးကို ကြည့်ခြင်းဖြင့် အစားအသောက်၊ အနေအထိုင်၊ ကျန်းမာရေးအလေ့အကျင့် ပြောင်းလိုက်ရုံဖြင့် နားကြောင့်မူးသောရောဂါအပြင် သွေးတိုးခြင်း၊ အဆီတိုးခြင်းများလည်း သက်သာကောင်းမွန်နိုင်ကြောင်း သာဓကေ ပြနေပါသည်။

နားကြောင့်မူးသော ရောဂါများအနက် အများဆုံးကုသပေးရသည်မှာ ဦးခေါင်းအနေအထားကြောင့် ခေတ္တခဏ မူးမိုက်ခြင်းရောဂါ (BENIGN POSITIONAL VERTIGO) ဖြစ်ပါသည်။ ယင်းလူနာများသည် များသောအားဖြင့် အိပ်ရာဝင်၊ အိပ်ရာထ၌ တစ်ဖက်သို့ စောင်းမိသည့်အခါ လည်မူး မူးတတ်ပါသည်။ လူနာတချို့သည် တစ်ခါလည်မူးရုံဖြင့် အလွန်ကြောက်သွား၍ လည်းကောင်း၊ တချို့မှာ မကြာခဏမူးပြီး သောက်ဆေးနှင့် မပျောက်၍လည်းကောင်း လာရောက်ပြသကြပါသည်။ ထိုသူများ၏ နား၊ လည်ပင်း၊ အရိုးများ ကောင်းသည်ဟု သေချာလျှင် ကိုယ်ခေါင်းလှည့်လည်၍ ကုသခြင်းနည်းအားဖြင့် စက်ဝိုင်းခြမ်းပြွန်များထဲသို့ မတော်တဆရောက်နေသည့် ထုံးကျောက်တုံးကလေးများကို ပုံမှန် နေရာမှန်ရောက်သွားအောင် ပို့ဆောင်နိုင်ပါသည်။ ဤကုသနည်းဖြင့် လူနာအတော်များများသည် ဆေးရုံမတက်၊ ဆေးမသောက်ရဘဲ တစ်ခါတည်းနှင့် ဆေးခန်းထဲတွင်ပင် သက်သာပျောက်ကင်းသွားလေ့ ရှိပါသည်။

မကြာခဏ မူးလေ့ရှိသည်မှာ အများအားဖြင့် အမျိုးသမီးများဖြစ်ကြပါသည်။ ငယ်စဉ်က မျောက်ရှုံးအောင် မဆော့ခဲ့ကြရသည့်အတွက် ကြီးလာသောအခါ အမူးအမျိုးမျိုးအတွက် ကိုယ်တွင်းဟန်ချက်ဇီဝကမ္မလုပ်ငန်းများ အဆင်သင့်မဖြစ်ကြကြောင်း သုတေသီများက မှတ်ချက်ချကြပါသည်။ မိမိမူးသည်ကို မိမိသာသိသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် မကြာခဏ မူးတတ်သူများကို မူနေသည်ဟု ထင်ယောင်ထင်မှား ဖြစ်တတ်ကြပါသည်။ ကလေးများသည် မူးသည်ဟု မပြောတတ်ကြသောကြောင့် ပျို့အန်ပြီး မစားနိုင်၊ မကစားနိုင် မှိုင်နေလျှင်၊ မလှုပ်မယှက် အိပ်ရာမှ မထဖြစ်နေလျှင် ဆရာဝန်နှင့် အရေးတကြီး ပြသသင့်နေပါပြီ။ ခေါင်းမူးခြင်းပေါင်းများစွာထဲမှ နားကြောင့်မူးလျှင် ပတ်ချာလည် မူးတတ်ပြီး များသောအားဖြင့် အစားသောက် အနေအထိုင် ပြောင်းလဲခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းများ ဂရုစိုက်လေ့ကျင့်ခြင်း၊ ကိုယ်၊ ခေါင်းလှည့်လည်၍ ကုသခြင်းနည်းများဖြင့် လွယ်ကူစွာ ပျောက်ကင်းနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

အမြင့်ကို မပျံနိုင်တဲ့ကြိုးကြာနီ၊ အနာဂတ်မရေရာတဲ့ ဘင်နီတက်ဇ်

ရေးသူ - မောင်မောင်မြင့်ဆွေ ၊ စာမျက်နှာဖွဲ့စည်းမှု -လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၁၅

ကလပ်အသင်း အောင်မြင်မှုရရေး စွမ်းဆောင်နိုင်မှုမရှိ၊ ဘောလုံးသမားများ၏ စွမ်းရည်တိုးတက်အောင်မပြုလုပ်နိုင်၊ ဘောလုံးသမားများကို စည်းရုံးနိုင်မှုမပီပြင်၊ ပွဲရလဒ်ကောင်းရန်လည်း မဖန်တီးနိုင်ဟူသော ဝေဖန်ပြစ်တင်သံများနှင့်အတူ နည်းပြရာထူးမှ နုတ်ထွက်သင့်ပြီဟု ဘင်နီတက်ဇ် ပြစ်တင်ဝေဖန်ဖိအားပေးခံနေရပြီ ဖြစ်သည်။

ရှုံးခဲ့

အက်ဖ်အေဖလားတတိယအဆင့်၌ အိမ်ကွင်းတွင် ရက်ဒင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည်။ ယင်းပွဲရလဒ်ကြောင့် ယခုနှစ် ဘောလုံးရာသီ၌ လီဗာပူးတို့ဖလားတစ်ခုရရှိရေး မျှော်လင့်ချက် မှေးမှိန်ပျောက်ကွယ်ခဲ့ရပြီ။ လီဗာပူးတို့ ယခုနှစ်၌ အက်ဖ်အေဖလားကို သိမ်းပိုက်ရေး မျှော်လင့်ချက်ထားခဲ့သည်။ သို့သော် ယခု၌ အက်ဖ်အေဖလားရယူရေး လမ်းတစ်ဝက်မှ ပြန်လှည့်ခဲ့ရပြီ ဖြစ်သည်။

မလွယ်ကူ

ပရီမီယာလိဂ်တွင် ဖလားရရှိနိုင်ရေးမှာလည်း ချယ်လ်ဆီးနှင့် မန်ယူတို့အပြင် အာဆင်နယ်ကို ကျော်ဖြတ်ရန် မလွယ်ကူပေ။ ပရီမီယာလိဂ်ပွဲစဉ် ၂၀အထိ လီဗာပူးတို့ကစားခဲ့ပြီးသော်လည်း အနိုင် ၁၂ပွဲ၊ ရှုံးပွဲ ခုနစ်ပွဲ၊ သရေ သုံးပွဲ ရလဒ်များဖြင့် အဆင့်ခုနစ်နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။ ဘင်နီတက်ဇ် ကတိဖြစ်သည့် ထိပ်ဆုံးအသင်းလေးသင်းစာရင်းဝင်ရန်ပင် အတော်လေးကြိုးစားအားထုတ်ရမည့် အနေအထားဖြစ်နေသည်။

ခက်ခဲ

လီဗာပူး၏ အဓိက ကစားသမားများ အနက် တောရက်စ်က ဒူးခေါင်းခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်၍ ခြောက်ပတ်ခန့် နားရဖွယ်ရှိနေသည်။ ဂျီရာဒ်လည်း ဒဏ်ရာ ကြောင့် သီတင်းလေးပတ်ခန့် မကစားနိုင်။ ဂျရတ်က ကြွခိုင်မှု မပြည့်ဝသဖြင့် ဘင်နီတက်ဇ်ဆန္ဒကို ပုံပေါ်အောင် စွမ်းဆောင်နိုင်ရေး ခက်ခဲနေသည်။

မသေချာ

ယခုနှစ်ဘောလုံးရာသီ၌ လီဗာပူးတို့ နောက်ဆုံး ပွဲ ၂၀ကစားခဲ့မှု မှတ်တမ်းကို ကြည့်လျှင် ၁၀ပွဲရှုံး၊ ၁၀ပွဲနိုင်ခဲ့သည်။ လီဗာပူးကဲ့သို့အသင်းအနေဖြင့် ဤရလဒ်မျိုး မဖြစ်သင့်ဟု လီဗာပူးကလပ် တာဝန်ရှိသူများက ဆိုနေပြီဖြစ်သည်။ ပရီမီယာလိဂ်၌ ထိပ်ဆုံးလေးသင်းမဝင်ပါက ဘင်နီတက်ဇ် အတွက် လီဗာပူး၌ ဆက်ရှိရေး မသေချာဟု သတင်းများ ထွက်ပေါ်လာသည်။

စွမ်းဆောင်နိုင်ခဲ့

၂၀၀၄ခုနှစ်၌ ဗလင်စီယာအသင်းနည်းပြမှ လီဗာပူးနည်းပြအဖြစ် ပြောင်းရွှေ့တာဝန်ယူခဲ့သည်။ ၂၀၀၅ခုနှစ်၌ ဥရောပစူပါဖလား၊ ၂၀၀၆ခုနှစ်၌ အက်ဖ်အေဖလားတို့ကို ရယူပေးနိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ်၌ လီဗာပူးကို ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအထိ ပို့ဆောင်ပေးနိုင်ခဲ့သည်။ ပရီမီယာလိဂ်ဖလားရယူပေးနိုင်ခြင်း မရှိသော်လည်း ထိပ်ဆုံးလေးသင်းဝင်အဖြစ် နှစ်စဉ်ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

အနာဂတ် မရေရာတဲ့ လီဗာပူး နည်းပြ ဘင်နီတက်ဇ်။

ပြောင်းလဲသင့်

ဘင်နီတက်ဇ်၏ စွမ်းဆောင်ရည်များ ကျဆင်းနေပြီ၊ နည်းပြပြောင်းလဲသင့်ပြီဟု လီဗာပူးကလပ်တာဝန်ရှိသူများအကြား ဝေဖန်မှုများ ရှိလာခဲ့သည်။ သို့သော် ဘင်နီတက်ဇ်၏ စွမ်းဆောင်မှုများကို အသိမှတ်ပြုလက်ခံနေသည့်ကလပ်မန်နေဂျင်း ဒါရိုက်တာ ဘရစ်စတိန်းပေါ်စလိုကဲ့သို့ ပုဂ္ဂိုလ်မျိုးများလည်း ရှိနေသည်။

ထောက်ခံ

လီဗာပူးနည်းပြပြောင်းလဲရေး ဝိုင်းဝန်းဖိအားပေးနေသော်လည်း ကလပ်ပိုင်ရှင် တွမ်ဟစ်နှင့် ဂျော့ဂီးလက်တို့က မိမိတို့သည် စာချုပ်ကို လေးစားသည်။ စာချုပ်အတိုင်းသာ ဆောင်ရွက်သွားမည်ဟု ဆိုထားသည်။ စာချုပ်၌ ၂၀၁၄ခုနှစ်အထိ လီဗာပူးနည်းပြတာဝန်ယူရန် ဘင်နီတက်ဇ်နှင့် စာချုပ်ထားသည်။ ဘင်နီတက်ဇ်၏ လုပ်ဆောင်ချက်များကိုလည်း ကလပ်ပိုင်ရှင်များက ထောက်ခံထားသည်။

သို့သော် ဘင်နီတက်ဇ်က မိမိဆန္ဒအရ အသင်းနည်းပြတာဝန်ကို စွန့်ခွာသွားလျှင် တားဆီးရန် မရှိပါဟု ဆိုနေပြန်သည်။ ဘင်နီတက်ဇ်အနေဖြင့် လီဗာပူး၌ ဆက်လက်ရပ်တည်ရေးမှာ လက်ရှိစွမ်းဆောင်မှုမျိုးနှင့် မလုံလောက်တော့ပေ။

"ကျွန်တော် အပါအဝင် ဘောလုံးသမားတွေအားလုံး ကြိုးစားနေကြတာမြင်တဲ့အတိုင်းပါပဲ။ ပွဲတိုင်း ရလဒ်ကောင်းဖို့ မျှော်လင့်နေတာကို လက်ခံပါတယ်။ ဒါပေမယ့် နိုင်ပွဲရလဒ်ဆိုတာ ပုံသေသတ်မှတ်လို့ မရတာမို့ ဒီအချက်ပေါ်မှာ ဖိအားပေးလာရင်တော့ လက်မခံနိုင်ပါဘူး။ လက်ရှိအနေအထားမှာ ဘာဖိအားမှ မရှိပါဘူး"ဟု ဘင်နီတက်ဇ်က ပြောကြားသည်။

သို့သော် ယခုနှစ် ဘောလုံးရာသီ၌ ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်းမဝင်လျှင် မိမိအနာဂတ်ကို ဆုံးဖြတ်မည်ဟု ဆိုထားပါကြောင်း။ ။

ကိုးကား-အင်တာနက်

အက်သလက်တီကိုမှ ရီဒရီဂူယက်ဇ် လီဗာပူးအသင်းသို့ ရောက်လာပြီ



လန်ဒန် ဇန်နဝါရီ ၁၅

လီဗာပူးအသင်းသည် စပိန်အသင်း အက်သလက်တီကို မက်ဒရစ်မှ အာဂျင်တီးနား တောင်ပံကစားသမား မာဇီရီဒရီဂူယက်ဇ်အား အလွတ် ပြောင်းရွှေ့ကြေးဖြင့် စာချုပ်ခေါ်ယူလိုက် ပြီဖြစ်သည်။

လီဗာပူး ကွင်းလယ်ကစားသမား မာရှေးယားနိုနှင့် ကစားဖော်ဖြစ်သည့် အသက် ၂၄နှစ်ရှိ ရီဒရီဂူယက်ဇ်သည် ဇန်နဝါရီ ၁၃ရက်က ဆေးစစ်မှုများပြုလုပ်ခဲ့ပြီး လီဗာပူးနှင့် သုံးနှစ်ခွဲစာချုပ်ချုပ်ဆို ခဲ့ခြင်းဖြစ်သည်။

ဂိုးသွင်းယူနိုင်သူ

ရီဒရီဂူယက်ဇ်သည် ညာတောင်ပံနှင့် ဘယ်တောင်ပံနှစ်နေရာစလုံး ကစားနိုင်သည့်အပြင် နောက်ချန်တိုက်စစ်မှူးအဖြစ်လည်း ကစားနိုင်သေးကြောင်း၊ ပြိုင်ဘက်၏ ဂိုးဧရိယာအတွင်း ဂိုးသွင်းသေချာသူတစ်ဦးဖြစ်ပြီး အဆုံးသတ်ကောင်းသူတစ်ဦးလည်းဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ကွင်းလယ်မှနေ၍ ငါးဂိုးမှ၁၅ဂိုးအထိ ဂိုးသွင်းယူနိုင်သူဖြစ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က အသင်းပိုင် ဝက်ဘ်ဆိုက်မှ တစ်ဆင့် ပြောကြားသည်။ (အင်တာနက်)

အဲဗာတန် ခံစစ်မှူး လူကက်စ်နေးလ် ဂါလာတာစာရေးနှင့် တစ်နှစ်ခွဲစာချုပ်

လန်ဒန် ဇန်နဝါရီ ၁၅

ဂါလာတာစာရေး အသင်းသည် အဲဗာတန် ခံစစ်မှူး လူကက်စ်နေးလ်အား တစ်နှစ်ခွဲ သက်တမ်းစာချုပ်ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

ကမ်းလှမ်း

တူရကီအသင်း ဂါလာတာစာရေးသည် အသက် ၃၁နှစ်အရွယ်ရှိ လူကက်စ်နေးလ်အား ပေါင်ခုနစ်သိန်းခွဲဖြင့် ကမ်းလှမ်းခေါ်ယူခဲ့သည်ဟု ဆိုသည်။

ဝမ်းသာပီတိ

ဩစတြေးလျ လက်ရွေးစင် ဘောလုံးသမား လူကက်စ်အား စာချုပ်ခေါ်ယူခဲ့ပြီးဖြစ်သည်ဟု ဂါလာတာစာရေး အသင်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ ထို့အပြင် ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ရခြင်းနှင့် ဥရောပတွင် ရည်မှန်းချက်ကြီးမားသည့် ဂါလာတာစာရေး၏ ကစားသမားတစ်ဦးဖြစ်ရခြင်းကို ဝမ်းသာပီတိဖြစ်မိကြောင်း လူကက်စ်နေးလ်က ပြောကြားခဲ့သည်ဟု ဩစတြေးလျ အေပီ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

(အင်တာနက်)

ဗြိတိသျှလက်ဝှေ့ကျော် ရစ်ကီဟက်တန် ကြိုးဝိုင်းအတွင်း ပြန်ဝင်မည်

လန်ဒန် ဇန်နဝါရီ ၁၅

ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့မှ ဟဲဗီးဝိတ်တန်းနှစ်ခု ချန်ပီယံဟောင်း ရစ်ကီဟက်တန်သည် ၂၀၁၀ခုနှစ် အတွင်း လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ပြန်ဝင်မည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

ဖွင့်ဟပြောကြား

မိမိအနေဖြင့် တစ်ပွဲမက ယှဉ်ပြိုင်ထိုးသတ်လိုကြောင်း၊ ယင်းကဲ့သို့ ထိုးသတ်မည့်ပွဲသည် ပထမဦးဆုံး ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲစဉ်ပေါ်တွင် တည်မှီနေကြောင်း၊ ပြိုင်ဘက်ကို အတည်မပြုရသေးသကဲ့သို့ ထိုးသတ်မည့် နေ့ရက်ကိုလည်း အတည်မပြုရသေးကြောင်း ဟက်တန်က ဖွင့်ဟပြောကြားခဲ့သည်။

ရှုံးနိမ့်သူ

အသက် ၃၁နှစ်ရှိ ရစ်ကီဟက်တန်သည် ၂၀၀၉ခုနှစ်မေလက အမေရိကန်နိုင်ငံ လတ်ဗီးဂက်စ်မြို့တွင် ဖိလစ်ပိုင် လက်ဝှေ့အကျော်အမော် မန်နီပက်ကွိုင်အောနှင့် နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် အလဲထိုးခံခဲ့ရပြီး ရှုံးနိမ့်ခဲ့သူဖြစ်သည်။

(အင်တာနက်)

ဒဗလျူဘီစီ မစ်ဒယ်လ်ဝိတ် သရဖူကာကွယ်ပွဲ ကိုပင်ဟေဂင်၌ ထိုးသတ်လိုဟု ဖရော့ချ်ဆို

လန်ဒန် ဇန်နဝါရီ ၁၅

ကမ္ဘာ့ချန်ပီယံ လက်ဝှေ့ကျော် ကားလ်ဖရော့ချ်သည် လာမည့် ၎င်း၏ ချန်ပီယံ သရဖူကာကွယ်ပွဲကို ဒိန်းမတ်နိုင်ငံမှ မြို့ငယ်လေးဖြစ်သည့် ဟာနင်၌ ယှဉ်ပြိုင်ထိုးသတ်မည့်အစား မြို့တော်ကိုပင်ဟေဂင်တွင်သာထိုးသတ်ရန် အကြိတ်အနယ် အရေးဆိုလျက်ရှိသည်။

ယှဉ်ပြိုင်ထိုးသတ်

ဗြိတိန်နိုင်ငံ နော့တင်ဟမ်မြို့သား လက်ဝှေ့ကျော် ဖရော့ချ်သည် ၎င်း၏ ဒဗလျူဘီစီ စူပါမစ်ဒယ်လ်ဝိတ် သရဖူကာကွယ်ပွဲအဖြစ် လာမည့်ဧပြီ ၇ရက်တွင် မီခေးလ်ကက်စလာနှင့် ယှဉ်ပြိုင် ထိုးသတ်ရမည်ဖြစ်သည်။

ထိုးသတ်လို

ယှဉ်ပြိုင်ထိုးသတ်ရမည့် နေရာကို အတည်မပြုရသေးကြောင်း၊ သို့သော်လည်း ဖရော့ချ်သည် ဒိန်းမတ်လက်ဝှေ့ကျော် ကက်စလာအား ဒိန်းမတ်မြို့တော် ကိုပင်ဟေဂင်တွင်သာ ထိုးသတ်လိုကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ထင်ကျော်ထက်-စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

တိုက်စစ်မှူး မော့ဆက်စ်အား ခေါ်ယူရန် ရီးရဲဆက်သွယ်

စပိန်လာလီဂါ အသင်းကြီးတစ်သင်းဖြစ်သည့် ရီးရဲမက်ဒရစ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်မှ ပြောင်းရွှေ့ကြေး ကြီးမြင့်သည့် အသက် ၁၉နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗစ်တာမော့ဆက်စ်အား ခေါ်ယူစာချုပ်ရန် ဆက်သွယ်ခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

မစ်ဒယ်ဘရော့မှ အိုနေးလ်အား ဆမ်အလာဒိုက်စ်ခေါ်ယူလို

ဖိအားများနှင့် ရင်ဆိုင်နေရသော ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်စ်သည် ဘလက်ဘန်းကွင်းလယ်အင်အားကို ဖြည့်တင်းရေးအတွက် မစ်ဒယ်ဘရော့မှ ဂါရီအိုနေးလ်အား ခေါ်ယူစာချုပ်လိုကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ကာနာလက်စ်အား ခေါ်ယူရန် အာဆင်နယ်နှင့် ရီးရဲ အပြိုင်ကြိုးပမ်း

ရေးဆင်းမှ အသက် ၁၈နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဆာဂျီယိုကာနာလက်စ်အားခေါ်ယူစာချုပ်ရန် အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်တို့ အပြိုင်ကြိုးပမ်းနေကြကြောင်း ဒေးလီးစတားသတင်း၌ ဖော်ပြသည်။

ဆဲလ်တစ်မှ မက်ဂီယာဒီအား ဘာမင်ဂမ်ခေါ်ယူရန်စီစဉ်

ဘာမင်ဂမ်အသင်းသည် ဆဲလ်တစ်အသင်းမှ အသက် ၂၃နှစ်အရွယ်ရှိ ကွင်းလယ် ကစားသမား အိုင်ဒင်မက်ဂီယာဒီအား ပေါင် ၁၄သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်နေကြောင်း၊ သို့သော်လည်း စကော့တလန်အသင်း ဆဲလ်တစ်ကမူ မရောင်းလိုကြောင်း ဒေးလီးတယ်လီဂရပ်၌ ဖော်ပြသည်။

တိုက်စစ်မှူးဇာရိတ်အား အာဆင်နယ်က ခေါ်ယူရန်စဉ်းစား

လာဇီယိုအသင်းတိုက်စစ်မှူး မော်ရိုဇာရိတ်အား အာဆင်နယ်အသင်းက ခေါ်ယူရန် စဉ်းစားနေကြောင်း၊ ဇာရိတ်၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၇သန်းဖြစ်ကြောင်း သည်အင်ဒီပင်းဒင့်စ်၌ ဖော်ပြသည်။

တိုက်စစ်မှူး ကာဗာနက်စ်အားခေါ်ယူရန် စတီဘရစ်ပစ်မှတ်ထား

မက္ကဆီကိုအသင်း ကလပ်အမေရိကမှ ပါရာဂွေးတိုက်စစ်မှူး ဆယ်လ်ဗာဒိုကာဗာနက်စ်အား ဆန်းဒါးလန်းနည်းပြ စတီဘရစ်က စာချုပ်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဒေးလီးမေးလ်တွင် ဖော်ပြသည်။

တိုက်စစ်မှူးကာရိုးလ်အား ဘော်လ်တန်နည်းပြ ခေါ်ယူလို

ဘော်လ်တန်နည်းပြ အိုဝင်ကွိုင်လီသည် နယူးကာဆယ်တိုက်စစ်မှူး အန်ဒီကာရိုးလ်အား စာချုပ်ခေါ်ယူလိုပြီး ပေါင်နှစ်သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် ကြိုးစားမည်ဖြစ်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ပေါ်တိုခံစစ်မှူးရိုလန်ဒိုအား မန်ယူက ခေါ်ယူရန်စဉ်းစား

ယခုဘောလုံးရာသီတွင် ချန်ပီယံလိဂ်၌ ထူးချွန်စွာ ခြေစွမ်းပြကစားနိုင်ခဲ့သော ပေါ်တိုခံစစ်မှူး ရိုလန်ဒိုအား မန်ယူက ပြောင်းရွှေ့ကြေး ပေါင် ၁၈သန်းဖြင့် ခေါ်ယူရန် စဉ်းစားနေကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ဘင်နီတက်ဇ် နုတ်ထွက်ပါက ဂူဟာစ်ဒင့်နည်းပြတာဝန်ယူလို

ဟော်လန်လူမျိုးနည်းပြ ဂူဟာစ်ဒင့်သည် လီဗာပူးအသင်းမှ ဘင်နီတက်ဇ် နုတ်ထွက်သွားပါက လီဗာပူးနည်းပြအဖြစ် အစားထိုးတာဝန်ယူလိုကြောင်း၊ သို့သော်လည်း ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်၏ဆန္ဒကိုလည်း ရယူလိုသေးကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

မန်ယူတိုက်စစ်မှူးရွန်နေ လစာတိုးမြှင့်တောင်းဆိုမည်

မန်ယူတိုက်စစ်မှူးဝိန်းရွန်နေသည် နွေရာသီတွင် မန်ယူနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုသည့်အခါ တစ်ပတ်လုပ်ခလစာ ပေါင်၁၄၀၀၀၀အထိ တိုးမြှင့်တောင်းဆိုမည်ဖြစ်ကြောင်း၊ ယင်းလုပ်ခလစာသည် အိုးထရက်ဖို့ဒ်တွင် ၎င်းအတွက် အမြင့်ဆုံးရရှိမည့် လစာဖြစ်ဖွယ်ရှိကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဝက်စ်ဟမ်းမှဒိုင်ယာ ဘောလုံးကစားခြင်းမှ အနားယူရဖွယ်ရှိ

ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ကီရွန်ဒိုင်ယာသည် ကာလကြာရှည်စွာ ဒဏ်ရာမှ သက်သာလာခြင်းမရှိဖြစ်ပြီးနောက် ဘောလုံးလောကမှ အနားယူရမည့် အခြေအနေသို့ ဆိုက်ရောက်နေကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

အာဖရိက နိုင်ငံများဖလား အနိုင်၊ အရှုံးရလဒ်

အာဖရိကနိုင်ငံများဖလားကို ဆက်လက်ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၃ရက်က အုပ်စု(ဃ)ပြိုင်ပွဲတွင် ဂါဘွန်က ကင်မရွန်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဇမ်ဘီယာနှင့် တူနီးရှားတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ကြသည်။ ဇန်နဝါရီ ၁၄ရက်က အုပ်စု(က)ပြိုင်ပွဲတွင် အယ်လ်ဂျီးရီးယားက မာလီကို တစ်ဂိုး-ဂိုးမရှိ၊ အင်ဂိုလာက မာလာဝီကို နှစ်ဂိုးပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၁၅

စိတ်ပညာမိသားစု အာစရိယ ပူဇော်မည်

စိတ်ပညာမိသားစု ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ရွှေကျင်မြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံစေတီ တောင်ဘက်မုခ် အသင်းမွှေရုံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာစာကျောင်းသားများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် (၁၉၆၉-၁၉၇၃)မြန်မာစာအဓိက ကျောင်းသား ကျောင်းသူများက အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၁/၂၂၃ တော်ဝင်နှင်းဆီ၌ ကျင်းပမည်ဖြစ်သည်။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်မည်

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်အနီးရှိ အသင်းမွှေရုံ၌ ကျင်းပမည်ဖြစ်သည်။

သာယာဝတီမြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

သာယာဝတီမြို့နယ် အသင်း၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း ကျွန်းတောကျောင်းတိုက်မှာရုံ၌ ကျင်းပမည်ဖြစ်သည်။

အထက(၁)ရန်ကင်း ကျောင်းသား/သူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

အထက(၁)ရန်ကင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ၁၉၆၂-၁၉၈၂ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံကျင်းပမည်

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ(၂၀၀၉)ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၅ ရက်မှ ၂၉ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။

ပုလောမြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ရက်(စနေနေ့)တွင် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မွှေရုံ၌ ကျင်းပမည်ဖြစ်သည်။

မန္တလေးပန်းချီဆရာများ ပါဝင်ပြသသည့် ပန်းချီပြပွဲ

ရန်ကုန်မြို့ရှိ Myanmar Art Centre ပန်းချီပြခန်းတွင် မန္တလေးမှ ပန်းချီဆရာများအများဆုံးပါဝင်ပြသမည့် ပန်းချီပြပွဲကို ကျွန်တော်ချစ်သော မန္တလေးအမည်ဖြင့် ဇန်နဝါရီ ၁၆ရက်မှ ၃၁ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၏ အသင်းသားများ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၃ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူ အသင်းသားများ ဖုန်း-၆၄၀၀၈၆နှင့် ၆၄၃၃၄၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

မြန်မာ-ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

ဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Doan Xuan Hungနှင့် ဗီယက်နမ်အစိုးရဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးမေးမြန်းချက်များအပေါ် တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲရွှေနှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၁၆ရက်က ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စုတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ကျေးရွာဥက္ကဋ္ဌမှတစ်ဆင့် ပေးအပ်စဉ်။ (၃၁၆)

ဘော်လီဘောယှဉ်ပြိုင်

ဇန်နဝါရီ ၁၄ရက်က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ ဒုတိယနေ့ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဖွင့်လှစ်

ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးနှင့် ပြည်သူများ၏ စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း) သရက်-နတ်မီးတောင်-ကံမလမ်းအပိုင်း မိုင်တိုင်အမှတ်(၂၀/၀)ရှိ မင်းတုန်းချောင်းတံတား(ရေနံ့သာ)ကို ၂၀၀၉ ခုနှစ် စက်တင်ဘာ၂၆ရက်က ဖွင့်လှစ်ပေးခဲ့သည်။

တည်ဆောက်

မင်းတုန်းချောင်းတံတား(ရေနံ့သာ)သည် အပေါ်ထည် ဘေလီ၊ အောက်ထည်သံကူကွန်ကရစ်အုတ်မြစ်နှင့် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည်ပေ ၇၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ပေ ၁၀လက်မခွဲရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးတန်ချိန်မှာ ၁၃တန်ဖြစ်သည်။

နိုင်ငံတစ်ဝန်း

ယခုကဲ့သို့ မင်းတုန်းချောင်းတံတား(ရေနံ့သာ) ဖွင့်လှစ်ပေးခဲ့၍ ရခိုင်ပြည်နယ်မှ ထွက်ရှိသည့် ရေသယံဇာတနှင့် ဆန်၊စပါးများကို စစ်တွေ-အမ်း-မင်းဘူး-မကွေးလမ်းမှတစ်ဆင့် မကွေး-မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းမှ ရှမ်းပြည်နယ်သို့လည်းကောင်း၊ ဧရာဝတီတိုင်းမှ ထွက်ရှိသည့်ရေထွက်ပစ္စည်းများနှင့် ဆန်၊စပါးများကို ပုသိမ်-မုံရွာလမ်းမှ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းသို့လည်းကောင်း၊ မုံရွာ-ရွှေဘို-မြစ်ကြီးနားလမ်းမှ ကချင်ပြည်နယ်သို့လည်းကောင်း မကွေးတိုင်းမှ ထွက်ရှိသည့် ပဲ၊ ပြောင်း၊ နှမ်းစသည့် ဆီထွက်သီးနှံများကို ပြည်နယ်နှင့်တိုင်းအသီးသီးတို့သို့လည်းကောင်း မြန်မာပြည်အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသအသီးသီး၏ ထွက်ကုန်များကို နိုင်ငံတစ်ဝန်းသို့ လွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်ရာ နိုင်ငံတစ်ဝန်းကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အလုပ်ခွင်မပျက် ကျန်းမာရေးစောင့်ရှောက်

ရန်ကုန်အလုပ်သမား ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခိုင်ချိုမြင့် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ ဇန်နဝါရီ ၁၁ရက်က အလုပ်သမားဝန်ကြီးဌာန ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှိ လူမှုဖူလုံရေး အာမခံအလုပ်သမားများအား ကျန်းမာရေးပညာပေး ဟောပြောမှုများ အလုပ်ခွင်မပျက် ဆောင်ရွက်စဉ်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ တိုင်းကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာခင်စောရီနှင့်အဖွဲ့ တိုင်းအဆင့် စံပြကျောင်းများ သတ်မှတ်ရွေးချယ်ရန်အတွက် စိစစ်ရွေးချယ်လျက်ရှိရာ ဇန်နဝါရီ၈ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ် (၈) အခြေခံပညာမူလတန်းကျောင်း၌ လာရောက်ကြည့်ရှုစစ်ဆေးစဉ်။ (၁၁၈)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ပ/၁ /၅၃၊ ပန်းမရပ်နေ
(ဦးသောင်းထွန်း)-ဒေါ်ပြုံးရီတို့၏သားထွေး

မောင်တင်ထွဋ် B.A(Geog:)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၃၂(A-1)နေ
(ဦးအောင်စိုးလှ)-ဒေါ်ခင်ဝင်းကြည်တို့၏တစ်ဦးတည်းသောသမီး

မဇာအိဖြူ B.A(Eco)
(Zar Ei Gems & Jewellery)

တို့သည် ၅-၁-၂၀၁၀ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်း အားလည်းကောင်း၊ ၉-၁-၂၀၁၀ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ ၁၅-၁-၂၀၁၀ ရက်တွင် Sedona Hotel (Grand Ballroom)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးစိုးသိန်းနှင့်ဒေါက်တာဒေါ်ခင်အုံးရီတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးတင်လှိုင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ အမှတ်-၁ စက်မှုဝန်ကြီးဌာန)နှင့် ဒေါ်ကွန်ချစ်ချစ်တို့အားလည်းကောင်း၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မဖြူလွဲ့လွဲ့ချောနှင့် မခင်နီလာကျော်၊ မင်္ဂလာပန်းကြဲပေးပါသော မနေဇာဝင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမြသီတာ၊ သတို့သားအရံ မောင်တေဇာအောင်နှင့် မောင်စိုးသူရကျော်၊ သတို့သမီးအရံ မလှလှမြတ်နှင့် မအိအိမြတ်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံများဖန်တီးပေးပါသော မမဇူ (Zu Zu Collection)၊ ဆံပင်၊ မိတ်ကပ်အလှဆင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ မိတ်ကပ်ရဲရဲ၊ ပန်းအလှဆင်ပေးပါသော Eternal Flowers ၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော May Mon Gems & Jewellery၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Ruby ၊ အလှဓာတ်ပုံများ ရိုက်ကူးပေးသော Memory၊ မေတ္တာတော်၊ ၁၅-၁-၂၀၁၀ရက် ညတွင် Sedona Hotel (Pool Side)၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုး မိတ်သင်္ဂဟတို့အားလည်းကောင်း၊ Sedona Hotel မှ မမြမဇူနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်ထွဋ်-မဇာအိဖြူ။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာကျေးဇူးတင်လွှာ

ချစ်ဖေဖေဦးခင်လှိုင် (Chairman, Zawtika Int'l Co., Ltd.)-ချစ်မေမေဒေါ်ခင်ဆွေဝင်း (Managing Director, Donor Mart Supermarket) တို့၏ ၄-၁-၂၀၁၀ရက် (လွတ်လပ်ရေးနေ့)(Chatrium Hotel, Ngapali Pool Garden)၌ ကျင်းပပြုလုပ်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာညစာစားပွဲအခမ်းအနားတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ Lucky Draw စီစဉ်ပေးသော ဦးအရိုင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာလတ်လတ်၊ ရှုပါရွှေ၊ မိတ်ကပ်ဆံပင် ညီညီမောင်(စမ်းချောင်း)၊ ဦးဘွန်စိန်-ဒေါ်ချိုချိုလွင်(စိန်ရတနာ)၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးသော The Aces အဖွဲ့နှင့်မငြိမ်းငြိမ်းအိ၊ Chatrium Hotel မှ မန်နေဂျာ မမိုးမိုးနှင့်ဝန်ထမ်းများ၊ ဓာတ်ပုံဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသော Diamond Neon Co., Ltd.မှ MD ဦးကျော်စံနှင့်တပည့် ကိုထင်လင်းအောင်အဖွဲ့အားလည်းကောင်း၊ ငွေရတုမင်္ဂလာညစာစားပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖေဖေ မေမေတို့၏ငယ်သူငယ်ချင်းများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

သမီးကြီး - ဒေါက်တာခင်ရူပါဦး M.B.,B.S(Ygn)
သမီးလတ် - ခင်ယွန်းယွန်း Final Year (UCSY)
သမီးငယ် - ခင်နှင်းမြတ်နိုးဦး(ခ)Kit Kit (Year 6, M.I.S)



လူပျောက်ကြော်ငြာ

သမီး ဝင်းကြည်ပြာဟန် ကိစ္စအားလုံးခွင့်လွှတ်သည်။ အမေ စိတ်ပူနေသည်။ ရောက်ရာအရပ်မှအမြန်ပြန်လာပါ။လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်။ တွေ့ရှိသူများ နီးစပ်ရာ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ကျေးဇူးဆပ်ပါမည်။

ဖေဖေ၊ မေမေ
ဆက်သွယ်ရန်လိပ်စာ
ဖုန်း-၀၉-၅၁၅၃၀၆၈၊၀၉-၅၄၀၆၆၉၃။

မိခင်အမည်မှန်

ဖားကန့်မြို့၊ အထက(၁)စတုတ္ထတန်း(A)မှ မစောယဉ်ယဉ်နိုင်၏ မိခင်အမည်မှန်မှာ ဒေါ်စောဥမ္မာ ၁/မကန(နိုင်)၀၀၄၂၄၈ ဖြစ်ပါသည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြံအမှတ် ၁၇၃၊ အနောက်ရွှေဂုံတိုင်လမ်းနေ ဦးနီ-ဒေါ်ရွှေတို့၏သားထွေး

မောင်ဝင်းထွန်း B.E(Civil), Y.T.U
Engineer, Kim Seng Heng Engineering Construction
Pte. Ltd, Singapore

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၂၇၊ ၆၄လမ်းနေ
ဦးနီတွတ်-ဒေါ်မြမြ(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏သမီးကြီး၊ မဇင်မျိုးထက်၊ မဇင်ပိုးပိုးထက်တို့၏အစ်မ

မရွှေဇင်ဦး
B.A(Eco)
Diploma in Accounting(LCCI, UK)
IDCS(UK)

တို့သည် ၂၄-၁၂-၂၀၀၉ရက်တွင် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ စင်ကာပူနိုင်ငံ Registry of Marriages တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းထွန်း-မရွှေဇင်ဦး။

မြေပိုင်ရှင် ဦးစိုးထွဋ် ၁၂/တမန(နိုင်)၀၃၂၃၈၁၏ မြန်မာ့အလင်းသတင်းစာ ၁၄-၁-၂၀၁၀ရက်စွဲပါ ပြည်မြန်မာဆောက်လုပ်ရေးသိစေရန် ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာလမ်း၊ အမှတ်၂၃နေ ဦးသောင်းဦးလွင် (မန်နေဂျင်းဒါရိုက်တာ-ပြည်မြန်မာဆောက်လုပ်ရေး) ၁၂/သကတ(နိုင်)၀၄၁၂၄၂ ၏ ညွှန်ကြားချက်အရ-

၁၄-၁-၂၀၁၀ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် လူကြီးမင်း၏ ကြေညာချက်မှာ မမှန်ကန်ပါ။ ဦးစိုးထွဋ်နှင့်ကန်ထရိုက်တာတို့၏နှစ်ဦးသဘောတူစာချုပ်အရ မြေရှင်နှင့်ကန်ထရိုက်တာတို့ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-C)၊ မြေကွက်အမှတ်(၈ B ၄-၁၊ ၈ I ၁-၁)၊ ဇရိယာဝဒသမဒ၃၃ကရှိ အမှတ်၂၄၈(ဘီ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မြေကွက်ပေါ်တွင် ရှစ်ထပ်တိုက် တစ်လုံး၊ ခြောက်ထပ်တိုက်တစ်လုံးတစ်ခြမ်းပေးတစ်ခြမ်းယူ သဘောတူညီချက်အရစာချုပ် ချုပ်ဆိုထားသော်လည်း ဦးသောင်းဦးလွင်က အဆောက်အအုံကိုဆောက်လုပ်ပြီးစီးပြီး အပေါ်ဆုံးအမိုးဒါဘာတွင် အိမ်ရှင်ဘက်နှင့် ကန်ထရိုက်တာဘက်တို့ သီးခြားစီဖြစ်ရန်အတွက် လိုအပ်နေပါ၍ အလုပ်သမားများနှင့် စီစဉ်နေသော်လည်း ဦးစိုးထွဋ်က ပြုလုပ်ခွင့်မပေးဘဲ အပေါ်ဆုံးအလွှာတစ်ခုလုံးအား မိမိအလွှာကဲ့သို့ သော့များခတ်ထားပါသည်။ ဦးသောင်းဦးလွင်အနေဖြင့်လည်း ဦးစိုးထွဋ်တို့ အိမ်ငှားနေရန် အခက်အခဲရှိနေ၍ လူမှုရေးအရမြေရှင်ရမည့်အခန်းများ၏ သော့များကို ၁၂-၇-၂၀၀၉ရက်တွင် ပေးအပ်ခဲ့ပါသည်။ အဆောက်အအုံမှာ မြေရှင်နှင့်ကန်ထရိုက်တာတို့သဘော တူညီမှုအတိုင်းမဖြစ်သေး၍ စာချုပ်ပါနှစ်ဦးသဘောတူ စည်းကမ်းချက်များအရ ဦးသောင်းဦးလွင်ရယူထားသည့် စာချုပ်စာတမ်းများကို ဦးစိုးထွဋ်ထံသို့ ပြန်လည်မပေးအပ်သေးခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစိုးထွဋ်၏ ၁၄-၁-၂၀၁၀ရက် မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့သည့်ကြော်ငြာချက်အား ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ဦးစိုးထွဋ်က ဝန်ချတောင်းပန်၍ ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ယခုကဲ့သို့ ကျွန်ုပ်၏အမှုသည်အပေါ် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည့် ကြေညာချက်မျိုးကို နောက်နောင်ထပ်မံ၍ မပြုလုပ်ရန် အထူးသတိပေးတားမြစ်ရှင်းလင်းကြေညာအပ်ပါသည်။ အကယ်၍ဝန်ချတောင်းပန်၍ ပြန်လည်ရုပ်သိမ်းမပေးပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းမာလာ LL.B(**အထက်တန်းရှေ့နေ**)
ဦးသက်ဇော် LL.B(**အထက်တန်းရှေ့နေ**)
အမှတ်၅၆၃၊ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၉၉-၂၅၆၃၀။

ဆုပေးအပ်ချီးမြှင့်

ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာ အသင်း အစည်းအဝေးနှင့် ပညာရေးစုံညီပွဲတော်တွင် သူငယ်တန်းမှ ပထမတန်းအထိ ပထမဆုရ မကြည်ဖြူသန့်အား ကျောင်းအုပ်ဆရာမကြီးက ဆုပေးအပ်ချီးမြှင့်စဉ်။

(ပညာရေး)

(Air - Con)

အဟောင်း / အပျက်များ ဈေးကောင်း ပေးဝယ်သည်။

ကိုမောင်မောင်တင်
ဖုန်း-၀၉-၅၁၃၀၀၄၃၊ ၅၅၁၉၆၇။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရန်ထူးနိုင် CDC 48391 ၏ SID ကတ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃-၉၄၀၈၉။

သဃၤန်းကျွန်းမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ရက်က အဆိုပါကျောင်း မြည်းလာခန်းမ၌ ကျင်းပရာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မသဥ္ဇာအိအိဇင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်မြင့်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့ဂုဏ်ပြု ရေစကြိုမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ရေစကြို ဇန်နဝါရီ ၁၅

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေစကြိုမြို့ အမှတ်(၇)ရပ်ကွက် စပါယ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါလမ်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်မင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည် ၂၅၀၃ ပေ၊ အကျယ် ၁၂ပေ ရှိသည်။

(မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ပျော်ဘွယ်မြို့နယ်အပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရာသီတွဲ့အက်ဆေး ရာသီတွဲ့အက်ဆေး ရာသီတွဲ့အက်ဆေး

တပို့တွဲလနှင့်ထမနဲပွဲ

ဝိဿဇ္ဇက (ပဲခူး)

မြန်မာ့ပထဝီဝင်သွင်ပြင်အနေအထားသည် မြစ်ချောင်း၊ အင်းအိုင်၊ တောမြိုင်၊ လျှိုမြောင်၊ ကုန်းခေါင်ချိုင့်ဝှမ်း၊ တောင်တန်း တောင်စွယ် အသွယ်သွယ်တို့ကို သူ့နေရာနှင့်သူ အလိုက်သင့်နေရာချထားဘိသကဲ့သို့ရှိသည်။ မြန်မာနိုင်ငံသည် တစ်နှစ်ပတ်လုံး သီးပွင့်နေသော ပန်းဥယျာဉ်ကြီးနှင့် များစွာတူလှပေသည်။ ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားသော မြန်မာတို့သည် ထိုပတ်ဝန်းကျင်ရှိ တောတောင်ရေမြေ သဘာဝအလှနှင့် အမြဲတစေ ထိတွေ့နေကြသည်ဖြစ်ရာ ဆယ့်နှစ်ရာသီအကြောင်းကို စကားပြေဖြင့်ဖြစ်စေ၊ ကဗျာလင်္ကာဖြင့်ဖြစ်စေ ဖွဲ့နွဲ့ပြောဆိုစရာရှိလျှင် မည်သည့်ရာသီ၌ မည်သည့်ပန်းပွင့်သည်ဟူသောအချက်ကို အဓိကထား၍ ဖွဲ့နွဲ့ပြောဆိုလေ့ရှိသည်။ 'တပို့တွဲ၊ ပေါက်လဲရယ်တဲ့ငုံစီစီ' ဟူသော ကဗျာကို အများပင်ကြားဖူးကြသည့်အပြင် ယခုခေတ်ကာလ၌ ပေါက်လဲပင်ကို မြို့ကြီးပြကြီးတို့၌ပင် တမင်တကာစိုက်ပျိုးလာကြပြီဖြစ်၍ အထူးဖွဲ့နွဲ့ရေးသားရန် မလိုပါ။ တပို့တွဲလသည် မြန်မာ့ဆယ့်နှစ်လတို့တွင် ဧကာဒသမမြောက်လဖြစ်၏။ တပို့တွဲလကို ပုဂံခေတ်ကျောက်စာတို့၌ ***တဝိုင်တွယ်၊ တပို့တွဲ၊ တပိုင်တွယ်၊ တပိုင်တွဲ*** *ဟူ၍ အမျိုးမျိုးရေးထိုးထားသည်ကိုတွေ့ရ၏။ တပို့တွဲဟူသောအမည်သည် ထိုလရာသီတွင် ဖူးကြ၊ သီးကြသော ထန်းပင်ကိုအကြောင်းပြုကာ ပေါ်လာသည်ဟူ၏။ ဤလတွင် ရက်ပေါင်း ၂၉ရက်ရှိ၏။ နာရီအားဖြင့် နေ့ ၂၆ နာရီရှိ၏။ ညဉ့် ၃၄နာရီရှိ၏။ နေ့တာတို၏။ ညတာရှည်သောလဖြစ်၏။ တပို့တွဲလကို ရာသီအလို ကုံရာသီခေါ်ဆိုသည်။ ဤလတွင် မာဃနက္ခတ်နှင့် စန်းယှဉ်ပြည့်၏။ သရဝဏ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်ကြ၏။ ဤလတွင် ချိန်တာရာထွန်းပသည်။ ရာသီရုပ်မှာ ရေထမ်းသမားဆင်းရဲသားပုံဖြစ်၏။*

ယူဆ

တပို့တွဲဟူသော ဝေါဟာရ၌ပါသည့် တမှာ ထန်းကိုဟောကြောင်းပြုခဲ့ပြီ။ တပို့မှာ ထန်းပို့ဖြစ်၍ ထန်းဖူး၊ ထန်းခိုင်ဟု အဓိပ္ပာယ်ရသည်။ 'တွဲ'သည် မြန်မာစကား တွဲကျခြင်းကို ပြောသည်။ တပို့တွဲလသည် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့တွဲကျအောင် ပြုလုပ်ခြင်းဖြစ်၍ ထန်းရည်နင်းလဟု အဓိပ္ပာယ်ရကြောင်း ဖွင့်ဆိုသည်။ ဝေါဟာရတ္ထပကာသနီကျမ်း၌ ဒုတိယကျော်အောင်စံထားဆရာတော်က တပို့တွဲမှာ လယ်ယာလုပ်သားတို့ ထမ်းပိုးကိုဆွဲထားသည်ဟူသော အနက်မှလာသည်ဟုဆိုသည်။ လေ့သင်းအတွင်းဝန်မင်းကမူ တပို့တွဲသည် ပါဠိသက္ကတ၌ရှိသော ပူပန်ခြင်းအနက်ရှိသည့် တပါသဒ္ဒါမှ လာသည်ဟူ၍လည်းကောင်း၊ ''တပံသူရိယာ တပဋ္ဌာန် ဓာဝယတိ ပလာယတိ''ဟူသော ဝိဂြိုဟ်ကိုထောက်၍ တပဓာဝယပဒ်မှလာ၍ ''နေပူရာနေရောင်ပျို့ရာ အရပ်သို့ ပြေးသွားစေတတ်''ခြင်းကို အစွဲပြု၍ ခေါ်သည်ဟူ၍လည်းကောင်း ဖွင့်ဆိုသည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရ၏ ဗျုပ္ပတ်ကိုရှာရာ၌ မြန်မာစကားသက်သက်ကို အခြေခံ၍ ကြံဆဘိသကဲ့သို့ လေ့သင်းအတွင်းဝန်မင်းက သက္ကတနှင့် ပါဠိဂတိကိုလိုက်၍ ကြံဆသည်ဟု ယူဆသည်။

ရာသီစာ

ရာသီပွဲတော် ထမနဲပွဲဖြစ်၏။ ကောက်သစ်ဦးပေါ်ချိန်ဖြစ်၍ နိုင်ငံအနှံ့အပြား ကျေးလက်တောရွာအထိ ထမနဲထိုးပွဲများဆင်ယင်ကျင်းပလေ့ရှိ၏။ ယခုခေတ်ကာလတွင် စကားပြောသံအတိုင်း ထမနဲဟုရေးသားကြ၏။ နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသည်ကို အကြောင်းပြုပြီး နှမ်းမနဲဟုလည်း အမည်တွင်သေး၏။ အချို့အရပ်ဒေသများတွင် ထမနဲကို ယာဂုဟုလည်းခေါ်ဝေါ်၏။ ဆေးလည်းအစာ၊ အစာလည်းဆေး ဆိုစကားရှိ၏။ အေးမြသော ဟေမန္တဥတုတွင် ထမနဲသည် ဆေးဖက်ဝင်သော အစာဖြစ်သည်ဟု ရှေးမြန်မာဆေးပညာရှင်ကြီးများက ဖော်ပြခဲ့၏။ ဤလရာသီတွင် ထမနဲစားသုံးခြင်းအားဖြင့် အသားအရေစိုပြည်၏။ အပူဓာတ်ရနိုင်မည်ဆို၏။ ပထဝီပျက်သူများ ထမနဲ စားသင့်သည်ဆို၏။ တပို့တွဲလတွင် ထမနဲကိုစားခြင်းဖြင့် မိုးအခါ ဝမ်းရောဂါကာကွယ်၏။ နှာရည်စိုရွဲ တပို့တွဲလတွင် ထမနဲကို ဆေးပညာရှုထောင့်မှ ရှုမြင်သုံးသပ်ကြပြီး ကျန်းမာရေးအတွက် ရာသီစာအဖြစ် သတ်မှတ်ခဲ့ကြဟန်ရှိ၏။

ထမနဲထိုးရမည့် အချိုးအစားကို အောက်ပါတေးထပ်ဖြင့်မှတ်တမ်းပြုခဲ့သည်ကိုလည်းတွေ့ရ၏။

စားတော်ရဆန်ပေါက်ဝါ
လေးပြည်သာထည့်မြဲ။
နှမ်းဆီလဲထည့်ပြန်။
မြေပဲဆန်အွှသုညငယ်နှင့်
ဒွတ္တိံသ တိလဗီဇံ။
အုန်းသီးစိတ်ကျပ်ဝီသံငယ်
လောနတံချိန်သတ်နှင့်
ချင်းနုဖတ်သီဂီမျှင်ရွေ
သုံးကျပ်မသွေ။

အဓိပ္ပာယ်မှာ ကောက်ညှင်းဆန်လေးပြည်၊ နှမ်းဆီတစ်ပိဿာ၊ မြေပဲဆန်ရှစ်ဆယ်သား၊ နှမ်းသုံးဆယ့်နှစ်ကျပ်သား၊ အုန်းသီးစိတ် နှစ်ဆယ်သား၊ ဆားခုနစ်ကျပ်သား၊ ချင်းစိမ်းသုံးကျပ်သားတို့ကို ဒယ်အိုးတွင်နှံ့အောင်မွှေ၍ နှဲရသည်ဟူ၏။ ဤကား ယာဂုမှ ထမနဲ ဖြစ်လာပုံတည်း။ ဤသဘောကြောင့် ယာဂုနှင့်ထမနဲ အတူတူပဲဟု ဆိုရိုးရှိ၏။

အချိန်အဆ

ရှေးပညာရှင်များက ထမနဲထိုးရာတွင် အချိန်အဆရှိ၏။ အချိန်အဆမှန်ပြီး အထိုးနိုင်လျှင် ထမနဲသည် အလွန်စားကောင်း၏။ ရက်ရှည်လည်းခံသည်။

အောက်ပါထမနဲထိုးနည်းသည် အကောင်းဆုံးဖြစ်သည်။ မန်လည်ကဗျာပေါင်းချုပ်ကျမ်းကြီး စာမျက်နှာ-၂၉၆ တွင်ဖော်ပြထားသည်မှာကား-

''ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်။ တစ်စိတ်ဆန်သည် ကောက်ညှင်းရယ်နှင့် တစ်ပိဿာ ဆီအမှန်သွင်းပါလို့၊ ချင်းက သုံးဆယ်၊ မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့် အုန်းသီးဆန်အတူဖက်ပါလို့၊ နှမ်းမပျက် ဤနည်းနှယ်၊ ရေစင်ကြယ်ပထည့်ရိုး။ လက်နှစ်သစ်သာပ၊ တွက်စစ်ကာ ဆားချိန်တစ်ဆယ်သားရယ်နှင့် ရောနှောကာ လူအများတို့ရယ်၊ အားသစ်လို့ထိုး''

ဟူ၍ ဖြစ်သည်။

အထက်ပါထိုးနည်းအချိန်အဆတွင် ပို၍သင့်တင့်ကောင်းမွန်စေရန် သီဟိုဠ်စေ့ နှစ်ကျပ်သား၊ စမုံစပါး နှစ်ကျပ်သား၊ ငရုတ်ကောင်းမှုန့် တစ်ကျပ်သားထပ်ဖြည့်၍ ထမနဲထိုးကာ စာရေးသူလှူဒါန်းခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါကြောင်း တပို့တွဲလနှင့် ထမနဲအကြောင်း ရာသီအဆိုကို တစေ့တစောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ပညာရည်ချွန်ဆု

ဇန်နဝါရီ ၈ရက်က အထက(၂) လှိုင်သာယာ၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည်က သင်ကြားမှု ထူးချွန်ဆုရ အထက်တန်းပြ ဆရာမ ဒေါ်နန်းမြင့်မြင့်အေးအား ဆုချီးမြှင့်စဉ်။

(၁၂၈)

DTH စလောင်းပေးအပ်ပွဲကျင်းပ စံ(၅)ချက်ညီညွတ်ရေး ဆွေးနွေး

မိုင်းဆတ် ဇန်နဝါရီ ၁၃

မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာ၌ DTH စလောင်း ပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ မြို့နယ်အတွင်းရေးမှူး ဦးကျော်စိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းမောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းကြည်အေးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးကျော်စိုးဝင်းက DTH စလောင်း ပေးအပ်ရာ မယ်နင်ကျေးရွာဥက္ကဋ္ဌ ဦးတင်မြင့်က လက်ခံယူသည်။ **(အပေါ်ပုံ)**

ဟောပြောဆွေးနွေး

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အထက(ခွဲ)ပျဉ်ပုံကြီး မြတ်ဆရာပူဇော်ပွဲ

ပဲခူး ဇန်နဝါရီ ၁၄

ပဲခူးတိုင်း ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ၌ အလက၊ တွဲဖက်အထကနှင့် အထက (ခွဲ) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် အထက(ခွဲ)ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲသို့ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးညွန့်တင် ရန်ကုန် ဖုန်း-၀၁-၅၄၀၈၁၇၊ ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၂၅၀၀၇၊ ဦးဆောင်းတင် ဖုန်း-၀၉-၅၀၆၄၉၅၈၊ ဦးကျော်ဖုန်းမြင့် ဖုန်း-၀၉-၅၀၈၆၈၉၂၊ ပျဉ်ပုံကြီး အထက(ခွဲ)ဖုန်း-၀၅၂-၇၀၁၀၁၊ ဦးဉာဏ်မြင့်အောင် ဖုန်း-၀၅၂-၇၀၀၀၂၊ ဒေါ်မူမူသိန်း ဖုန်း-၀၅၂-၇၀၀၆၉နှင့် ဒေါ်နီနီလွင် ဖုန်း-၀၅၂-၇၀၀၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၂၁)

ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်လိုင်းဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၉ခုနှစ် ဒုတိယ နှစ်ဝက် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၈ရက် နံနက် ၉နာရီက သန်လျင်မြို့ရှိ ရှင်စောပု ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအုန်းမြင့်နှင့် ခရိုင်မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းရိုန်တို့က အမှာစကားပြောကြားကြပြီး ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က ဆုချီးမြှင့်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ဆက်လက်၍ ၂၀၀၉ခုနှစ် ဒုတိယ နှစ်ဝက်တွင် ဝန်ထမ်းစွမ်းဆောင်ရည်ဆု၊ ယာဉ်စွမ်းဆောင်ရည်ဆု၊ မြို့နယ်စွမ်းဆောင်ရည်ဆု၊ ဝန်ထမ်းထောက်ပံ့ငွေနှင့် ဝတ်စုံများ စုစုပေါင်း ချီးမြှင့်ငွေကျပ် ၁၁၂သိန်းကျော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်၊ ခရိုင်မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ဘာသာရပ်ဆိုင်ရာဟောပြောပွဲ ပေါင်မြို့ အထက၌ကျင်းပ

ပေါင် ဇန်နဝါရီ ၁၃

၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၉နာရီက ပေါင်မြို့ အထက ရွှေရတုခန်းမ၌ကျင်းပရာ ဟောပြောပွဲတွင် မော်လမြိုင်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ကထိကနှင့် လက်ထောက်ကထိကများက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာများ ဟောပြောပို့ချကြသည်။ **(အပေါ်ပုံ)** အလားတူဟောပြောပွဲများကို ဇန်နဝါရီ ၉ရက် နံနက်က မုတ္တမအထက၌လည်းကောင်း၊ ဇန်နဝါရီ ၈ရက် နံနက်က ဇင်းကျိုက်အထကနှင့် ရင်းငြိမ်အထကတို့၌လည်းကောင်း ဟောပြောပို့ချခဲ့သည်။

(၁၇၆)

(၄၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၅

အရှင်ဣန္ဒိတသာရသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၄၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

16-1 (15).pmd 1 1/16/2010, 2:11 AM

မြဝတီခရိုင် မြဝတီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ယာဉ်၊ လမ်း စည်းကမ်းပညာပေးဟောပြောပွဲ ကျောက်မဲ၌ ကျင်းပ

ကျောက်မဲ ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီက ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်လွင်က အခမ်းအနား ကျင်းပရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ပြောကြား

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းယုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပရိုဂျက်တာနှင့်ရှင်းလင်းဆွေးနွေးပြီး **(အောက်ပုံ)** ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ ရဲအုပ်သိန်းဆွေညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေ၊ နှုတ်ဖြေဆုရရှိသူများ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်းပွဲ သံဖြူဇရပ်မြို့နယ်၌ ကျင်းပ

သံဖြူဇရပ် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သံဖြူဇရပ်မြို့နယ် ကြက်ခြေနီအသင်းတို့ ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက်က သံဖြူဇရပ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသူရနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ထို့နောက် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသူရက အမှာစကား ပြောကြားပြီး ဒုတိယရဲမှူးညိုလှက သင်တန်းဆင်း လက်မှတ်နှင့် ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်သည်။

(ဝဲအောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၃ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အထက(၁) ဗဟိုစံပြခန်းမဆောင်၌ ကျင်းပသော ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် အခမ်းအနားတွင် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရှင် မောင်ဟိန်းထက်အောင်အား ဆရာကြီးဦးစိုးမြင့်က ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(၁၀၆)

ရောင်ခြည်ဦးစာကြည့်တိုက် ငါ့သရောက်၌ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ငါ့သရောက် ဇန်နဝါရီ ၁၂

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ကမ္ဘကျေးရွာရောင်ခြည်ဦး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက စာကြည့်တိုက်သစ်ရှေ့၌ကျင်းပရာ ငါ့သရောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုးတူးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါအခမ်းအနားတွင် အလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၈၀ နှင့် ငါ့သရောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဝင်းက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုးတူးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မရမ်းကုန်းမြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်ကကျင်းပရာ မြို့နယ်ထက်မြက်ထူးချွန်ပထမဆုရ စတုတ္ထတန်း(က)မှ မောင်စိုးပြည့်စုံအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအေးမြင့်(လှသီတာရွှေဆိုင်)က ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်ဂဝံလမ်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော သဘော့ကန်-တောစွန်းကျေးလက်ဂဝံလမ်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဘဝမီးအိမ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ထန်းတပင်မြို့နယ် ပျဉ်ဂန်းကျေးရွာ၌ ဖွင့်လှစ်

ထန်းတပင် ဇန်နဝါရီ ၁၃

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပျဉ်ဂန်းကျေးရွာအုပ်စု ပျဉ်ဂန်းကျေးရွာ ဘဝမီးအိမ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၆ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်း၊ ဇီးဖြူသောင်အလက ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝေနှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောစေးနေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာငှားကတ်စနစ်ဖြင့် လက်တွေ့ဆောင်ရွက်ကြရေးကို ဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် လှူဒါန်းပွဲ ကျင်းပရာ ဦးစီးမှူးက ဂျာနယ်စာစောင် ၅၅ စောင်၊ ဆရာမတင်မိခိုင်(ရန်ကုန်မြို့) ကိုယ်စား စာရေးဆရာခွန်တင်မြင့်က သုတ၊ ရသစာအုပ် ၅၅အုပ်နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၅

ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းများဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယနေ့မွန်းလွဲ ၁နာရီမှ ၁နာရီ မိနစ်၃၀ခန့်အထိ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်ဆီက အိုင်စီတီစကားဝိုင်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - တင်ထွေး (သတင်းစဉ်) ✦ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၁၅

ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ကို အိုင်စီတီစီးတီး(နည်းပညာမြို့သစ်)အဖြစ် တည်ဆောက်နေခြင်းဖြစ်ရာ အိုင်စီတီပြပွဲများ ကျင်းပပေးခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပမှ အိုင်တီပညာရှင်များ၏ စိတ်ဝင်စားမှုကို ပိုမိုရရှိစေခဲ့သည်။ အဋ္ဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီပေါင်း ၅၀ကျော်က ပြခန်းပေါင်း ၄၀ကျော် ဖွင့်လှစ်ပြသခဲ့ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

ပြင်ဦးလွင်မြို့နယ် ရတနာပုံနည်းပညာမြို့သစ်ရှိ MCC Training Institute (Yatanarpon) အဆောက်အအုံကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-တင်ထွေး(သတင်းစဉ်)

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။